ယာနတိုင်းနေ့စဉ် The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅၇)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ၊ ၁၄-၅-၂၀၂၆၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတ မစ္စတာ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘွန်း ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတ မစ္စတာ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘွန်း ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေးဘာသာရပ်၌ ပါဝင်သည့် ဗျည်း၊ သရ၊ လက္ခဏာလက်ရိုက်အလံအချက်ပြသင်ခန်းစာ၊ လှေလှော်ရွက်တိုက်ဘာသာရပ်၌ ပါဝင်သည့် လှေနှင့် လှော်တက်အမျိုးအစားများ သင်ခန်းစာ၊ လှော်ခတ်ပုံနည်းစနစ်သင်ခန်းစာ၊ ရွက်လှေအမျိုးအစားနှင့် ရွက်လွှင့်ပုံသင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းလျားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀၊ ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ်ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေ



သင်တန်းသား သင်တန်းသူများ ပျံသန်းရေးအုပ်များတွင် လက်တွေ့လေ့ကျင့်ခြင်းများ စုပေါင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ လှိုင်ကော်မြို့ရှိ လှိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၅ ဦး၊ ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ နှင့် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦးတို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံပညာဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများနှင့် လေကြောင်းထိန်းမျှော်စင်များသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိ

နေပြည်တော် မေ ၁၃

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၁၄ ရက်၊ ကြာသပတေးနေ့ ။

## စာဖတ်နိုင်သည့် ဝန်းကျင်ကောင်းများ ဖန်တီးပေးလျက်ရှိ

ပညာကို စာဖတ်ခြင်း၊ နာယူခြင်း၊ စူးစမ်းလေ့လာခြင်းတို့မှ ရယူကြသည်။ စာဖတ်ခြင်း၏တန်ဖိုးမှာ ကြီးမားလှသည်။ ဘဝတွင် စာဖတ်ရန်လိုအပ်မှုနှင့်ပတ်သက်၍ စာမဖတ်သူသည် မလှုပ်မရှား ထိုင်နေသူနှင့်တူသကဲ့သို့လည်းကောင်း၊ စာဖတ်ပြီး စာမဖတ် သောသူမှာ ရှေ့မတက်နိုင်သည့်ရပ်နေသူနှင့်တူသကဲ့သို့လည်း ကောင်း၊ စာလည်းဖတ်၊ စာလည်းဖတ်သူမှာ ရှေ့သို့တက်လှမ်း နေသည့်သူနှင့်တူသကဲ့သို့လည်းကောင်း မှတ်သားရသည်။ ထို့ကြောင့် စာပေလေ့လာဖတ်မှတ်ကြရန် လူကြီးသူမများက တိုက်တွန်းကြပြီး နိုင်ငံတော်အစိုးရကလည်း လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြရန် အားပေးခြင်း၊ စာပေလေ့လာဖတ်ရှု နိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ကျောင်းပညာမသင်ယူနိုင်ပါက စာဖတ်ခြင်းဖြင့် လူ့တန်ဖိုးကို မြှင့်တင်နိုင်သည်။ ကျောင်းသင်ပညာကိုလည်း ဆည်းပူး၊ စာဖတ်ခြင်းကိုလည်း အပတ်တကုတ်ဆောင်ရွက်ပါက ပညာပြည့်ဝနှလုံးလှပြီး ကောင်းကျိုးအဖြာဖြာဆောင်ကြဉ်းနိုင်သည့် တန်ဖိုးရှိသောလူသားတစ်ဦးဖြစ်နိုင်သည်။ ကွန်ပျူတာပညာရပ်တွင် အချက်အလက်များကို အမြဲဖြည့်သွင်းပေး၍ အဆင့်မြှင့်တင် ပေးရသလို လူ၏ဦးနှောက်တွင်လည်း စာပေအာဟာရ အသိဉာဏ် ဗဟုသုတများ အမြဲတစေဖြည့်ဆည်း၍ လူ့တန်ဖိုးကို မြှင့်တင် ကြရသည်။

ယနေ့ခေတ်တွင် လူငယ်များသာမက လူကြီးများကပါ ပညာကို လေ့လာသင်ယူလျက်ရှိသည်။ ပညာ၏ တန်ဖိုးကို သိ၍ ပညာကို အထွတ်အမြတ်ထားသောကြောင့်ဖြစ်သည်။ ပညာ ဟူသည် ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ပင်ဖြစ်သည်။ ပညာ၏ တန်ဖိုးကို မန်လည်ဆရာတော်က မဃဒေဝပျို့တွင် "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွမ်း၏" ဟု မိန့်ကြားခဲ့သည်။ ထို့ကြောင့် လောကတွင် ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

"ပညာသည်သာ၊ အရာရာ၊ လိုရာအောင်ကြောင်း မှတ်" ဆိုသ ကဲ့သို့ လောကတွင် တွေ့ကြုံရမည့် အခက်အခဲမှန်သမျှကို ပညာဉာဏ်ဖြင့် ဖြေရှင်းကျော်လွှားနိုင်မည်လည်းဖြစ်သည်။ပညာ ဉာဏ်ကင်းသော လူသားတို့၏ ဘဝသည်လည်း "ရေမရှိသော ကြာကဲ့သို့" ခြောက်သွေ့နိုင်ပေသည်။ ထို့ကြောင့် မိမိဘဝ တစ်လျှောက်လုံး ဖြောင့်ဖြူးသာယာစေရန် "ပညာသင်ခါ မရှက်ရာ" ဆိုသကဲ့သို့ ရှက်ကြောက်ခြင်း ကင်းမဲ့စွာဖြင့် ပညာကို သင်ယူကြ ရမည်ဖြစ်သည်။

ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်လာအောင် အစဉ်ကြံဆောင်ဖန်တီးနေကြသည်။ ရုပ်ဝတ္ထု ပစ္စည်းများ မည်သို့ပင်တိုးတက်သော်လည်း အဆိုပါရုပ်ဝတ္ထု ပစ္စည်းများကို ကိုင်တွယ်အသုံးပြုနေကြသည့် လူသားများ၏ စိတ်ဓာတ်များ၊ အသိအမြင်ဗဟုသုတများ မတိုးတက်၊ မမှန်ကန်၊ အားနည်းနေမည်ဆိုပါက ကောင်းကျိုးထက် ဆိုးကျိုးဘက်တွင် ပိုမိုအားကောင်းလာသည်ကို မြင်တွေ့နေရသည်။ ထို့ကြောင့် စိတ်ဓာတ်ခွန်အားများ မှန်ကန်စွာ အားကောင်းလာစေရန် ကောင်း မွန်သည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်ဖြစ်သည်။

အသိဉာဏ်ပညာမြင့်မားအောင် လုပ်ဆောင်ရာ၌ စာကြည့် တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည် ထွန်းကားရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ဆောင်ပေး လျက်ရှိသည်။

ပြည်သူများ မှန်ကန်သည့်အသိဉာဏ်ဗဟုသုတများ တိုးပွား စေရန်အတွက် စာဖတ်ကြရန်၊ စာဖတ်နိုင်သည့် ဝန်းကျင်ကောင်း များ ဖန်တီးနိုင်ရန် နိုင်ငံတော်က အစဉ်အမြဲ ဆောင်ရွက်ပေး လျက်ရှိကြောင်းရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဓမ္မစကူး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ် မေတ္တာကိုယ်ပိုင်အထက် တန်းကျောင်း၌ ဓမ္မစကူးဖောင် ဒေးရှင်း(ဗဟို)မှ ကြီးမှူးဖွင့်လှစ် ခဲ့သည့် အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဓမ္မစကူး ဆရာ ဖြစ်သင်တန်းဆင်းပွဲကို ယမန်နေ့ က အဆိုပါကျောင်း ဘက်စုံသုံး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားရှိခိုး ဖွင့်လှစ်၍ တက် ရောက်လာသူများက ကျောက် ဆည်မြို့နယ် ဓမ္မစကူးကော်မတီ ဥက္ကဋ္ဌ၊ မင်းကုန်းစာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာ အရှင်ပညောဘာသ ဆရာတော် ကြီးထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ပြီး ဘဒ္ဒန္တ ပညာ သာမိဆရာတော်က ဩဝါဒ စကားချီးမြှင့်သည်။

ထို့နောက် အလယ်တန်း အဆင့်နှင့် မူလတန်းအဆင့် ဓမ္မစကူးဆရာဖြစ် သင်တန်း တွင် တက်ရောက်ခဲ့သူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုရုပ်သိမ်းခဲ့ပြီး စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် ကျန်းမာရေးစောင့် ရှောက်မှုအခန်းကဏ္ဍတွင် တိုင်း ရင်းဆေးဖြင့် အကျိုးထိရောက်မှု ရှိစွာ ကုသနိုင်ရန် ရည်ရွယ်၍ မြစ်သားဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများအား မြို့နယ်တိုင်းရင်း ဆေးကုဌာနမှ ကွင်းဆင်းဆေးကုသ ရေးအဖွဲ့သည် ကျန်းမာရေးစောင့် ရှောက်ပေးမှုကို ယနေ့ နံနက် ၉ နာရီက နယ်လှည့်ကွင်းဆင်း ဆေးကုသပေးသည်။

အဆိုပါမြို့နယ်တိုင်းရင်းဆေး ကုဌာနမှ ကွင်းဆင်းဆေးကုသ ရေးအဖွဲ့၊ မြို့နယ်တိုင်းရင်းဆေး မှူး ဒေါ်စိုပြေဝင်းက တစ်ကိုယ် ရေသန့်ရှင်းရေး၊ မိုးရာသီတွင် အဓိကဖြစ်ပွားတတ်သော နှာစေး ချောင်းဆိုးခြင်း၊ အစာမကြေ ခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြား ရောဂါများကို ကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးများသောက် ဆေးပေးခြင်း၊ လိမ်းဆေးပေး ခြင်းများကို ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၁ ဦးအား ပေးဝေ ခဲ့သည်။

မြစ်သားမြို့နယ်ရှိ တိုင်းရင်း ဆေးကုဌာနမှ ကွင်းဆင်းဆေး ကုသရေးအဖွဲ့ဝန်ထမ်းများက စာသင်ကျောင်းများနှင့် ကျေးရွာ များကို သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်းကုသပေး သွားမည်ဖြစ်ကြောင်း မြို့နယ် တိုင်းရင်းဆေးကုဌာနမှ တာဝန် ရှိသူတစ်ဦးထံက သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်အတွင်း၌ မြေငှားဂရန်များ ကွင်းဆင်းထုတ်ပေးလျက်ရှိ

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်အတွင်းရှိ ကျေးရွာ နေပြည်သူများအတွက် မြေငှား ဂရန်များကို အစိုးရ၏ ရက် (၁၀၀)စီမံချက်ဖြင့် အမရပူရ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီနှင့် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော် မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနတို့ ပူးပေါင်းကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် အမရ ပူရမြို့နယ်၊ ငယ်တိုးကျေးရွာ အုပ်စု၊ တောင်ယဉ်ပုံကျေးရွာရှိ အောင်ချမ်းသာမွာရုံ၌ မြေငှား ဂရန်များ ကွင်းဆင်းထုတ်ပေး ခြင်းနှင့်ပတ်သက်၍ တွေ့ဆုံရှင်း လင်းပွဲအခမ်းအနားကို ကျင်းပ သည်။ (အောက်ပုံ)

အခမ်းအနားတွင် ခရိုင်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော် မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားရာ၌ ပုံမှန်လုပ်ငန်းစဉ်များမှာ အချိန်ယူ ဆောင်ရွက်ရသော်လည်း ယခု ကဲ့သို့ စီမံချက်နှင့် ဆောင်ရွက် သည့်အတွက် ရက်တိုတိုအတွင်း အချိန်နှင့်ငွေကြေးကုန်ကျသက် သာစွာ ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ ယခုမြေငှားဂရန် အတွက် ပေးဆောင်နေသည့် နှုန်း ထားမှာ နည်းပါးသော်လည်း ပြန်လည်ရရှိမည့်အကျိုးအမြတ် မှာ မိမိတို့အတွက် များစွာခိုင်မာ မှုရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့ တော်စည်ပင်သာယာရေးကော် မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာန ဌာနမှူး ဦးစိုးမိုးသိမ်း က မြေငှားဂရန်လျှောက်ထားရာ တွင် မှတ်ပုံတင်အိမ်ထောင်စု ဇယားနှင့်သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံ ချက်များ လိုအပ်မည်ဖြစ်ကြောင်း နှင့် ဝန်ဆောင်ခနှုန်းထားများမှာ လည်း ပြည်သူများအတွက် အထူး သက်သာသောနှုန်းထားများဖြင့် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြား သည်။



၄င်းနောက် တက်ရောက် လာကြသည့် ကျေးရွာနေပြည်သူ များက မိမိတို့သိရှိလိုသည့် မြေ ယာကိစ္စရပ်များနှင့် ဂရန်လျှောက် ထားမှုဆိုင်ရာ အခက်အခဲများ ကို မေးမြန်းတင်ပြကြရာ တာဝန် ရှိသူများက ကဏ္ဍအလိုက် ပြန် လည်ဖြေကြား ပေါင်းစပ်ညှိနှိုင်း ပေးခဲ့သည်။ ယခုကဲ့သို့ ကျေးရွာ များ အရောက် ကွင်းဆင်းဆောင် ရွက်ပေးခြင်းကြောင့် ပြည်သူ များအနေဖြင့် ရုံးဌာနများသို့ သွားရောက်ရသည့် အချိန်နှင့် စရိတ်များစွာ သက်သာစေမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီအနေဖြင့် အစိုးရသစ်လက်ထက်တွင် ပြည်သူ များ၏ မြေယာပိုင်ဆိုင်မှု ခိုင်မာ စေရန်နှင့် ဝန်ဆောင်မှုလုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်ပေးနိုင် ရန် ရည်ရွယ်၍ ယခုကဲ့သို့ ရက် (၁၀၀)စီမံချက်ဖြင့် မြေပြင်ကွင်း ဆင်း၍ ဂရန်ထုတ်ပေးခြင်းလုပ် ငန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း
## (၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )

၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် စီရင်ပိုင်ခွင့်

၁။ ဤဥပဒေကို **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အွန်လိုင်းလိမ်လည်မှုနှင့်သက်ဆိုင်သည့် အောက်ပါကျူးလွန်မှု တစ်ရပ်ရပ်အတွက် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူက ဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်မှု။

(င) ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်မှု။

### အခန်း(၂)
### အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဗဟိုဌာန** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဗဟိုဌာန (Anti – Scam Centre) ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆိုသည်။

(ဆ) **အွန်လိုင်းလိမ်လည်မှု(Online Scam)**ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ သူတစ်ဦးဦး၏ ငွေကြေး သို့မဟုတ် အဖိုးတန်ပစ္စည်းကို လှည့်ဖြားရယူခြင်းကို ဆိုသည်။

(ဇ) **အချက်အလက်(Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့် အချက်အလက်ကိုဆိုသည်။

(ဈ) **ဘဏ်ငွေစာရင်းအမှတ် (Bank Account)** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်း တစ်ရပ်ရပ်၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကိုအသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်းပါဝင်သည်။

(ည) **ဆက်သွယ်ရေးကွန်ရက်(Communication Network)** ဆိုသည်မှာ စာသား၊ အသံ၊ ရုပ်ပုံ၊ ရုပ်သံဗီဒီယို သို့မဟုတ် အချက်အလက်(Data) တစ်ရပ်ရပ်ကို အီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့ခြင်း၊ လက်ခံခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် ကြိုးမဲ့စနစ်၊ ကြိုးသုံးစနစ်၊ အလင်းဖိုင်ဘာစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သို့မဟုတ် အခြားလျှပ်စစ်သံလိုက်စနစ်တစ်ခုခုဖြင့်ချိတ်ဆက်ထားသော ထိန်းချုပ်မှုစနစ်နှင့်အခြေခံအဆောက်အအုံကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အများပြည်သူသုံးဆက်သွယ်ရေးကွန်ရက်၊ သီးသန့်ကွန်ရက်နှင့် အင်တာနက်ကွန်ရက်တို့လည်း အကျုံးဝင်သည်။

(ဋ) **လူမှုကွန်ရက် (Social Network)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အခြေပြု၍ အသုံးပြုသူက မိမိ၏ ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ဒီဂျစ်တယ် အကြောင်းအရာ (Digital Content)များကို ဖန်တီးခြင်း၊ လွှင့်တင်ခြင်း၊ ဖလှယ်ခြင်းနှင့် အခြားအသုံးပြုသူများနှင့် အပြန်အလှန် ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် အွန်လိုင်းအခြေပြုဝန်ဆောင်မှု၊ ဝက်ဘ်ဆိုဒ်(website) သို့မဟုတ် ဆော့ဖ်ဝဲအပလီကေးရှင်း(Software Application)ကို ဆိုသည်။

(ဌ) **မိုဘိုင်းငွေကြေးစာရင်း (Mobile Financial Services Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် အလို့ငှာ ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ်ကို ထိုသူ၏ မိုဘိုင်းဖုန်းတွင် သိုမှီးပေးထားခြင်းကိုဆိုသည်။

(ဍ) **ဆက်သွယ်ရေး အော်ပရေတာ** ဆိုသည်မှာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော အော်ပရေတာများကိုဆိုသည်။

(ဎ) **အင်တာနက် ဝန်ဆောင်မှုပေးသူ (Internet Service Provider – ISP)** ဆိုသည်မှာ နိုင်ငံတော်အတွင်းအသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဏ) **ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)** ဆိုသည်မှာ ရာဇဝတ်မှုမှရရှိသော ငွေကြေးများကို လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ငွေကြေးခဝါချခြင်းပြုလုပ်နိုင်ရန်အတွက် မိမိ၏ ဘဏ်ငွေစာရင်းအမှတ် အီလက်ထရောနစ်ဝေါလက်(E-wallet) သို့မဟုတ် ဆင်းကတ် (SIM CARD)ကို အခြားသူတစ်ဦးအား အသုံးပြုခွင့်ပေးထားခြင်း သို့မဟုတ် အငှားချထားခြင်းကို ဆိုသည်။

### အခန်း(၃)
### ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ခ) နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို ကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို အမြစ်ပြတ် ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန်၊

(င) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား သတင်းအချက်အလက် ဖလှယ်နိုင်မည့်စနစ်တစ်ခု တည်ထောင်နိုင်ရန်၊

(စ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာတွင် တရားမဝင် ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းနိုင်ရန်၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်ရန်။

### အခန်း(၄)
### ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဥက္ကဋ္ဌ/ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၆) | တိုင်းမှူး<br>သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (၁၆) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၇) | ဒုတိယရဲချုပ်(၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

(၁၈) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး(၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၉) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး(၃)
မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေခြင်း၊

(ဃ) နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းပြုကာ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့် အွန်လိုင်းလိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ညွှန်ကြားခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှတာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊

(ဇ) အွန်လိုင်းလိမ်လည်မှုမှရရှိသော ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ည) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းရန် ဒေသဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) အွန်လိုင်းလိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကို လက်ခံ၍ သက်ဆိုင်ရာဌာနများမှ တစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း (ဘဏ်လုပ်ငန်းရပ်ဆိုင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း)၊

(ဌ) ဆက်သွယ်ရေးအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အသုံးပြုသော မိုဘိုင်းတယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊

(ဍ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို အများပြည်သူအား အသိပညာပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၂) လူမှုရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၄) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မန်နေဂျာ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာဆက်သွယ်ရေးလုပ်ငန်း

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) အဖွဲ့ဝင်(၃) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၃) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန

(၆) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နေပြည်တော် မြန်မာဆက်သွယ်ရေးလုပ်ငန်း

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) ပြည်ထောင်စုနယ်မြေဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) အဖွဲ့ဝင်(၁) — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်သည်အထိ ဖော်ထုတ်တိုက်ဖျက်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှု ဖော်ထုတ်ဖမ်းဆီးရန် အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာမှရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာများသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းခြင်း၊

(င) ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်း၊

(စ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၆)
## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၉။ ဗဟိုကော်မတီသည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) တပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၈) ဌာနမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းဌာန၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဌာနမှူး — အဖွဲ့ဝင်
နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဗဟိုဌာနကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ဖုန်းဆက်၍ သတင်းပို့နိုင်ရန် ၂၄ နာရီ အရေးပေါ် တယ်လီဖုန်းအမှတ်(Hotline) သတ်မှတ်ပေးခြင်း၊

(ခ) အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန် အရေးပေါ်တယ်လီဖုန်းအမှတ်၊ မိုဘိုင်းအပလီကေးရှင်း (Mobile Application)၊ ဝက်ဘ်အပလီကေးရှင်း (Web Application) တို့ကို တည်ထောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) နစ်နာသူများထံမှ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ငွေစာရင်းအမှတ် ဘဏ်အမည်၊ လွှဲပြောင်းသည့် ငွေကြေးပမာဏနှင့် လွှဲပြောင်းသည့်အချိန် စသည့်အချက်အလက်တို့ကို စာရင်းရေးသွင်းခြင်း၊

(င) ရရှိလာသော အချက်အလက်များကို ဘဏ်စနစ်အတွင်း အမြန်ဆုံးစစ်ဆေးခြင်း၊ အွန်လိုင်းလိမ်လည်မှုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အရေးကြီးသောအမှု (Emergency Case) အဖြစ် သတ်မှတ်ခြင်း၊

(စ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ၁၅ မိနစ်အတွင်း ယာယီပိတ်ပင် (Debit Freeze)ခြင်း၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသော ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)များနှင့် ဆင်းကတ် (SIM Card) များကို ထိရောက်စွာ အရေးယူပိတ်ဆို့ခြင်း၊

(ဇ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်တွင် ကျန်ရှိနေသော ငွေများကို ဆက်လက်မဆုံးရှုံးစေရန် ယင်း၏ အီလက်ထရောနစ်နည်းပညာသုံး ဘဏ်ငွေစာရင်းအမှတ် (Digital Banking Account) ယာယီပိတ်ပေးခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသော ငွေကြေးကို အမြန်ဆုံးပြန်လည်ရရှိနိုင်စေရန် ငွေကြေးစီးဆင်းမှုများကို ယာယီဆိုင်းငံ့ခွင့်နှင့် စစ်ဆေးခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျသတ်မှတ်ခြင်း၊

(ည) ငွေကြေးဆက်လက်စီးဆင်းသွားသည့် ဘဏ်ငွေစာရင်းအမှတ်များကို ခြေရာခံခြင်း၊

(ဋ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ ပထမသတင်းပေးတိုင်ချက် ဖွင့်ရန် ဆက်သွယ်ပေးခြင်း၊

(ဌ) ယာယီဆိုင်းငံ့ထားသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည့် မိုဘိုင်းဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်၊ လင့်များနှင့် ငွေကြေးလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့် စောင့်ကြည့်ဖော်ထုတ်ခြင်း၊

(ဎ) သတင်းအချက်အလက်နှင့် အထောက်အထားများကို စိစစ်အတည်ပြု၍ အမှုတွင် သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ပေးပို့ခြင်း၊

(ဏ) နောက်ဆုံးပေါ် အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူသိရှိစေရန် သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(တ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာအကူအညီရရှိရေး ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၇)
## တားဆီးကာကွယ်ခြင်း

၁၁။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများသည်-

(က) မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်း (Know Your Customer-KYC) ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence-CDD)ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးနောက် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုသည့်စနစ်ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ကို စိစစ်ချက်အရဖြစ်စေ ပြည့်စုံမှုမရှိသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော အချက်အလက် စိစစ်တွေ့ရှိရပါက မိုဘိုင်းငွေကြေးစာရင်းအား ဖွင့်လှစ်ပေးခြင်းမပြုရ။

၁၂။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပို့ရမည်။

၁၃။ နယ်စပ်လုံခြုံရေးစခန်းများသည် ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း နိုင်ငံခြားသားများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ထွက်မှုကို စစ်ဆေးတွေ့ရှိပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ရမည်။

၁၄။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုကို ကာကွယ်ရန်-

(က) ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ဘဏ်ငွေစာရင်းများ ရောင်းချခြင်း၊ ငွေကြေးချို့တဲ့သူများကို မြူဆွယ်၍ ဘဏ်ငွေစာရင်းများဖွင့်၍ ဝယ်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းပေး (Mobile Pay) စာရင်းများဖွင့်လှစ်ခြင်းတို့ မရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ခ) ဆင်းကတ်များ အခြားသူထံမှဝယ်ယူပြီး ဆက်သွယ်ရေးကွန်ရက်တွင် နည်းပညာအသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ရရှိသောငွေကြေးများကို ပြည်ပနိုင်ငံများသို့ အဆင့်ဆင့်လွှဲပြောင်းခြင်းများမရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ဂ) လူမှုကွန်ရက်၊ ဝက်ဘ်ဆိုက်၊ မိုဘိုင်းအက်ပလီကေးရှင်းများ အသုံးပြု၍ ဆက်သွယ်ရေးကွန်ရက်တွင် ငွေကြေးလိမ်လည်မှုပြုလုပ်သူကို စောင့်ကြည့်သတင်းရယူခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အသွင်ယူစုံစမ်းခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဃ) လူမှုကွန်ရက်တွင် သံသယဖြစ်ဖွယ်တွေ့ရှိရသော အကောင့်များအား စုံစမ်းထောက်လှမ်းနိုင်ရေးနှင့် ပိတ်သိမ်းနိုင်ရေးအတွက် နည်းပညာတိုးမြှင့်ဆောင်ရွက်ရမည်၊

(င) ပြစ်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသော ဝက်ဘ်ဆိုက်များအား ပိတ်သိမ်းနိုင်ရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၈)
## သတင်းအချက်အလက်ဖလှယ်ခြင်း

၁၅။ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရန်အလို့ငှာ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဗဟိုဒေတာစနစ် (Centralized Database) မှတစ်ဆင့် အပြန်အလှန်ဖလှယ်ရမည်-

(က) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions)၊

(ခ) အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ (E-payment Service Providers)၊

(ဂ) ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ။

၁၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) မိမိတို့၏ စနစ်အတွင်း သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွယ်သည်ဟု သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကို စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်၊

(ခ) သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ် သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ အခြားဘဏ်တစ်ခုက စုံစမ်းမေးမြန်းလာလျှင် အချက်အလက်များကို ချက်ချင်းမျှဝေရမည်။

၁၇။ ဆက်သွယ်ရေး အော်ပရေတာသည်-

(က) ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များ၊ အသုံးပြုသည့် တည်နေရာနှင့် ခေါ်ဆိုမှုမှတ်တမ်း (Call Details Record-CDR) များကို စနစ်တကျ ထိန်းသိမ်းထားရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ အချက်အလက်များကို ဗဟိုဌာနမှ တောင်းခံလာပါက ချက်ချင်းပေးပို့ရမည်။

၁၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများသည် ဖလှယ်သော သတင်းအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု မှုခင်းများတားဆီးနှိမ်နင်းရေးအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး ကိုယ်ရေးအချက်အလက် ကာကွယ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ လုံခြုံစွာ ထိန်းသိမ်းရမည်။

## အခန်း(၉)
## ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၉။ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူသည် မိမိ၏ငွေကြေးလွှဲပြောင်းမှုကို သိရှိပြီးနောက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အကြောင်းကြားချက်ကို ရရှိသည်နှင့်တစ်ပြိုင်နက် သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ်ကို ၇၂ နာရီ ထက်မပိုသောကာလအထိ ယာယီဆိုင်းငံ့ခြင်း(Temporary Suspension)ကို ချက်ချင်းဆောင်ရွက်ရမည်။

၂၁။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) ဤဥပဒေအရ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုနှင့်စပ်လျဉ်း၍ ဗဟိုဌာန သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အကြောင်းကြားချက်ရရှိပါက ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ရန် ပျက်ကွက်ခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ရှိ ငွေကြေးများ လွှဲပြောင်းမှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

၂၂။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့ အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ် (Online Complaint Portal)မှတစ်ဆင့် ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်။

၂၃။ ဗဟိုဌာနသည်-

(က) တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူအား သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (First Information Report- FIR) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ခ) ငွေကြေးစီးဆင်းမှုကို ခြေရာခံနိုင်ရန် တိုင်တန်းမှုမှတ်တမ်း (Case Identifier- Case ID) ကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားရမည်။

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များအနက် ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်၊ ဘဏ်ငွေစာရင်းအမှတ်၊ မိုဘိုင်းငွေပေးချေမှုစာရင်းအမှတ် (Mobile Payment Account)များ၊ တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်၍ ထပ်မံကျူးလွန်မှုမရှိစေရေး ပိတ်သိမ်းဆောင်ရွက်ရမည်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသည့် ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်း အဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ခြင်း၊ အချိန်မီ ပိတ်သိမ်းခြင်းများ ဆောင်ရွက်ရမည်၊

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

(င) အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေကြေးစီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်၊

(စ) ပြည်ပဘဏ်များတွင် ရောက်ရှိနေသော အွန်လိုင်းလိမ်လည်ရရှိငွေများကို ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၂၄။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါက သက်ဆိုင်ရာ ရဲစခန်းသည်-

(က) ဗဟိုဌာနက ပေးပို့သည့် အချက်အလက်များ ရရှိသည်နှင့်တစ်ပြိုင်နက် ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်ပြီးပါက မိတ္တူကို နှစ်နာရီအတွင်း ဗဟိုဌာနသို့ပေးပို့တင်ပြရမည်။

(ဂ) အမှုနှင့်စပ်လျဉ်း၍ ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို ဗဟိုဌာနသို့ တင်ပြတောင်းခံရမည်။

(ဃ) ဗဟိုဌာနက စစ်ဆေးအတည်ပြုပြီးသည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ကျွမ်းကျင်သူ၏ ထင်မြင်ချက်အဖြစ် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၅။ ပုဒ်မ ၂၀ အရ ယာယီဆိုင်းငံ့ထားသည့် ကာလအတွင်း အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်သည် ယာယီဆိုင်းငံ့ထားသော ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရမည်။

၂၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိတို့၏စနစ်အတွင်း ပုံမှန်မဟုတ်သော ငွေကြေးစီးဆင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုဟု သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းမှုများကို စိစစ်တွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ တိုင်ကြားချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အဆိုပါ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ယာယီဆိုင်းငံ့မှု ဆောင်ရွက်ပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

၂၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ သတင်းပို့ချက်ကိုလက်ခံရရှိပါက ဗဟိုဌာနသည် အမှုဖြစ်စဉ်ကို စိစစ်ပြီး လိုအပ်ပါက အဆိုပါ ဘဏ်ငွေစာရင်းအမှတ်ကို ဆက်လက်ဆိုင်းငံ့ထားရန် သို့မဟုတ် ဘဏ်ငွေစာရင်းအမှတ်နှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းရရှိနိုင်ရန် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညွှန်ကြားရမည်။

## အခန်း(၁၀)
## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့တို့နှင့်ပူးပေါင်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူများကို လွှဲပြောင်းပေးခြင်း(Extradition)နှင့် ပူးတွဲစုံစမ်း စစ်ဆေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခြင်းခံရသော နိုင်ငံခြားသားများကို ကယ်ဆယ်ရန်နှင့် ၎င်းတို့၏နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်အတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြီး ပြည်နှင်လွှဲပြောင်းမှုကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ နည်းပညာများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း။

၃၀။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှု စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သက်သေခံချက်အထောက်အထားများ စုဆောင်းခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရန်အလို့ငှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မမှန်ကန်သော အချက်အလက်များကို သူတစ်ဦးထံ ဖြန့်ဝေခြင်း သို့မဟုတ် ပေးပို့ခြင်း မပြုရ။

၃၂။ မည်သူမျှ သူတစ်ဦး၏ ကိုယ်ရေးအချက်အလက်၊ ပုံရိပ်၊ ဓာတ်ပုံ သို့မဟုတ် အကောင့်များကို ရယူ၍ ထိုသူအဖြစ် အယောင်ဆောင်ကာ ငွေကြေး သို့မဟုတ် ပစ္စည်းကို တောင်းခံရယူခြင်းမပြုရ။

၃၃။ မည်သူမျှ ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာ သို့မဟုတ် ပြည်သူ့ဝန်ထမ်းအယောင်ဆောင်၍ သူတစ်ဦး၏ ဘဏ်ငွေစာရင်းအမှတ်၊ မိုလ်ဘိုင်းဝေါလက် သို့မဟုတ် တစ်ကြိမ်သုံး လျှို့ဝှက်နံပါတ် (One Time Password-OTP)ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာ အသုံးပြု၍ လိမ်လည်လှည့်ဖြားရယူခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

၃၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်ရန်အလို့ငှာ မှန်ကန်မှုမရှိသော အချက်အလက်ဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း၊ အဆိုပါဆင်းကတ်ကို အသုံးပြု၍ ဘဏ်ငွေစာရင်းအမှတ်ရရှိရေး ဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ရှင်အမည်နှင့် အချက်အလက် မှန်ကန်မှုမရှိသော ဘဏ်ငွေစာရင်းအမှတ်များကို ရောင်းဝယ်ခြင်း မပြုရ။

၃၅။ မည်သူမဆို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးဖြစ်ကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မိမိ၏ ဘဏ်ငွေစာရင်းအမှတ်မှတစ်ဆင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် သိမ်းဆည်းပေးခြင်း သို့မဟုတ် ငွေကြေးခဝါချပေးခြင်း မပြုရ။

၃၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုမည့် ဆော့ဝဲလ်၊ မောဝဲလ် သို့မဟုတ် လင့်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူ မည်သူမျှ အွန်လိုင်းလိမ်လည်မှုဝက်ဘ်ဆိုက်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုဝက်ဘ်ဆိုက်ကို ဖယ်ရှားရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုကို စစ်ဆေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ဗဟိုဌာနသို့ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ မိမိအမည်ဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်ကို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား အသုံးပြုခွင့်ပေးခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၀။ (က) ဆက်သွယ်ရေးအော်ပရေတာ တာဝန်ရှိသူမည်သူမျှ-

(၁) မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် အချက်အလက် မပြည့်စုံသော ဆင်းကတ်များကို ဝန်ဆောင်မှုပေးခြင်းမပြုရ၊

(၂) အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုနေသည်ဟု ယူဆရသော ဆင်းကတ်များ သို့မဟုတ် တစ်ရက်လျှင် ပုံမှန်မဟုတ်သော ဖုန်းခေါ်ဆိုမှုအကြိမ်ရေ အလွန်အမင်းများပြားသော ဆင်းကတ်များကို အသုံးပြုခွင့်မပြုရ၊

(၃) အွန်လိုင်းလိမ်လည်မှုနှင့်စပ်လျဉ်း၍ တရားဝင်အချက်အလက် တောင်းခံခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ဆင်းကတ်များအား ပိတ်သိမ်းရန် ညွှန်ကြားမှုကို အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း သို့မဟုတ် ကြန့်ကြာအောင် ပြုလုပ်ခြင်းမပြုရ၊

(ခ) ဆက်သွယ်ရေး အော်ပရေတာ၏ မည်သည့် ဝန်ထမ်းမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များကို မရိုးမဖြောင့်သော သဘောဖြင့် အခြားသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၄၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် တစ်ဆင့် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၂။ မည်သူမျှ အခြားသူတစ်ဦးက အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုမည်ကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မိမိ၏ ဘဏ်ငွေစာရင်း သို့မဟုတ် မိုလ်ဘိုင်းဝေါလက်ကို ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၃။ အင်တာနက်ဝန်ဆောင်မှုပေးသူ၊ ဘဏ်၊ ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးအော်ပရေတာ၏ တာဝန်ရှိသူ မည်သူမျှ ဝန်ဆောင်မှုရယူသူ တစ်ဦးဦး၏ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူထံ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုစင်တာ ဖွင့်လှစ်ခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဒီဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam)ကို ကျူးလွန်ခြင်း မပြုရ။

၄၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ လူစုဆောင်းခြင်း သို့မဟုတ် ဦးစီးဆောင်ရွက်ခြင်း မပြုရ။

၄၇။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း မပြုရ။

၄၈။ မည်သူမျှ-

(က) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား မတရားသွေးဆောင် စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း မပြုရ။

(ခ) လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်း မပြုရ။

၄၉။ မည်သူမျှ သူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေခြင်း မပြုရ။

၅၀။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း မပြုရ။

## အခန်း(၁၂)
## ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း တစ်ရာမှ အများဆုံး ကျပ်သိန်း ငါးရာထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ငါးရာမှ အများဆုံး ကျပ်သိန်း တစ်ထောင်ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့သော် သေဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ရမည်။

၅၆။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ရပိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(ဂ) ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ရထိုက်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း။

စာမျက်နှာ ၇ သို့ ☆

# ဥပဒေရေးရာဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်းပါ စံနမူနာ ရှေ့ပြေးဥပဒေရုံး (Pilot Law Office)များ သတ်မှတ်ဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ဥပဒေရေးရာဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်ဥပဒေရုံး ၁၀ ရုံးအား အစိုးရသစ် ရက် ၁၀၀ အတွင်း ရှေ့ပြေးဥပဒေရုံးများအဖြစ် သတ်မှတ်တိုးချဲ့ဖွင့်စည်းရန် လျာထားခဲ့ပြီး ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံးများကို ရှေ့ပြေးဥပဒေရုံး(Pilot Law Office)များအဖြစ် သတ်မှတ်ဖော်ဆောင်ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက ရှေ့ပြေးဥပဒေရုံး (Pilot Law Office)ဖွင့်လှစ်ခြင်းဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်သောအခါ မှတ်ပုံတင်ရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပေးပို့ခြင်း စသည်တို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန်၊ အမှုလိုက် ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများအကြား နည်းပညာအသုံးပြုကာ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း(Pre-Trial Interview, PTI)များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ရှေ့ပြေးဥပဒေရုံး (Pilot Law Office) သတ်မှတ်သည့် မြို့နယ်ဥပဒေရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခင် စံနမူနာ ရှေ့ပြေးဥပဒေရုံးများအဖြစ် ခရိုင်ဥပဒေရုံး ၂၁ ရုံး၊ မြို့နယ်ဥပဒေရုံး ခုနစ်ရုံးတို့ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် နေပြည်တော်ရှိ မြို့နယ်ဥပဒေရုံးလေးရုံးကို စံနမူနာ ရှေ့ပြေးဥပဒေရုံးများအဖြစ် သတ်မှတ်ဖော်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၃)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ





**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းတို့သည် မေ ၁၂ ရက်၊ ၁၃ ရက်တို့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၃)နှင့် နဝရတ်ခန်းမ၌ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၂)တို့မှ သင်တန်းသား သင်တန်းသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအရ မိမိတို့၏ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့ပါဝင်ဆောင်ရွက်ရမည့် ကဏ္ဍကိုထဲထဲဝင်ဝင်သိရှိပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် တက်ရောက်ရမည့် သင်တန်းများတွင် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်သင်ယူလေ့လာသွားကြရန်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာ ကျင့်သုံးကြရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ လေ့ကျင့်သင်ကြားရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ ☆

အခန်း(၁၃)

အထွေထွေ

၅၇။ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍ ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူတို့သည်-

(က) ၎င်းတို့၏ စနစ်များကို ဗဟိုဌာန၏ ကွန်ရက်နှင့် ဒီဂျစ်တယ်စနစ်များအချက်အလက်ဖလှယ်မှုနည်းပညာ (Application Programming Interface-API) များမှတစ်ဆင့် ချိတ်ဆက်ရမည်။

( ခ ) အလိုအလျောက်စနစ် (Automatic Systems) များ တပ်ဆင်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။

၅၈။ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ ဆင်းကတ်အသုံးပြုမှုများနှင့် (Internet Protocol Address) များကို ဗဟိုဌာနက အချိန်နှင့်တစ်ပြေးညီ (Real-time) စောင့်ကြည့်စစ်ဆေးနိုင်သည့် စနစ်ဖြစ်စေရန် ဆောင်ရွက်ရမည်။

၅၉။ ဗဟိုဒေတာစနစ်တည်ဆောက်ခြင်း(Centralized Database)နှင့်စပ်လျဉ်း၍-

(က) တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော ကွန်ပျူတာနှင့် အင်တာနက်အသုံးပြု၍ ကျူးလွန်သော ပြစ်မှု (Cyber Crime)ဖြစ်စဉ်များကို ချက်ချင်းသိရှိနိုင်မည့် ပေါင်းစပ်ညှိနှိုင်းထားသော သတင်းအချက်အလက်ပြ မျက်နှာပြင်(Unified Dashboard)တစ်ခု တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်၊

( ခ ) အွန်လိုင်းလိမ်လည်သူများ၏ ဖုန်းနံပါတ်၊ အိုင်ပီလိပ်စာ (Internet Protocol Address)၊ ဘဏ်ငွေစာရင်းအမှတ်နှင့် အစိုးရဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပေးသည့် စာရွက်စာတမ်းအထောက်အထား (Identity Document-ID) နိုင်ငံတကာမိုဘိုင်းကိရိယာအမှတ်အသား (International Mobile Equipment Identity-IMEI)များကို စနစ်တကျစုစည်းထားပြီး အင်တာနက်ဝန်ဆောင်မှုပေးသူနှင့် ဘဏ်များသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည့်စနစ် (Real-time Feed) တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ခြင်း ဆောင်ရွက်သော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေမည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၆၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ရာပြည့်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

**မန္တလေး မေ ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် BBOA အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ BBOA အ·ထ·က(၅) နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲကြီးကို လမ်း၃၀နှင့် လမ်း၆၀ထောင့် အ·ထ·က(၅)ကျောင်း၌ ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား စည်ကားသိုက်မြိုက်စွာ အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် မ,တည်အလှူငွေ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်း ပညာမြင့်မိုရ်ခန်းမတွင် ကျင်းပရာ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီနာယကကြီးများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နာယကကြီးများ၊ ကော်မတီဝင်များက လက်ခံရယူခဲ့ကြသည်။

ရာပြည့်ပွဲတော်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

**အသက်သည် ဈေး၊ ဈေးသည် အသက်။**

# မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ညောင်ရွှေ မေ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်ဘဏ်ခွဲ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မို့မို့အေးက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ရဲမှူး မျိုးမင်းဦးတို့က တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်အတွက် လျာထားချေးငွေ ၈၅၀၀၄ ဒသမ ၅၀၀ သိန်းဖြစ်ပြီး ညောင်ရွှေမြို့နယ်ရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၉၇ ဦး၏ စပါးနှင့် ပြောင်း ၆၇၀ ဧကအတွက် ငွေကျပ် ၁၈၁၅ သိန်းကို ထုတ်ချေးပေးခဲ့သည်။ ကျန်ရှိနေသော ကျေးရွာအုပ်စုများကိုလည်း ချေးငွေလျာထားသည့် အစီအစဉ်အတိုင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရန်ကုန်မြို့အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Novan Ivanhoe Saleh အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Novan Ivanhoe Saleh၊ စီးပွားရေးသံမှူး Mr.Arvinanto Soeriaatmadja နှင့် သံမှူး Mr. Wahono Yulianto တို့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မန္တလေးတိုင်းဒေသကြီးနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀







# မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်(၄၀၇ ဒသမ ၅၀)သိန်း ပေးအပ်

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်လျက်ရှိသည့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်သည်။ **(အောက်ပုံ)**

ညောင်ဦးမြို့နယ်၌ အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် ၂၀၂၆ - ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က ညောင်ဦးမြို့နယ်အတွင်း ကျေးလက်တောင်သူများ လက်ဝယ်အရောက် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအား ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်မန်နေဂျာ ဒေါ်ခင်ချိုသက်တို့က တွင်းရွာအုပ်စုရှိ တောင်သူ(၂၇)ဦးတို့အား စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၄၀၇ ဒသမ ၅၀ သိန်းအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်

**စဉ့်ကိုင် မေ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ထန်းသုံးပင်ကျေးရွာ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မင်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မင်းဦးက အဖွင့်အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သင်တန်းတွင် သင်ကြားပို့ချရမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းကို ထန်းသုံးပင်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို မေ ၁၃ ရက်မှ မေ ၁၅ ရက်အထိ ၃ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောကြားကြောင်း သိရသည်။

**အောင်ရဲကျော်**



# အလုပ်ခွင်ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ (ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ပေးအပ်

**ချောက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံး၏ ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း) အကျိုးခံစားခွင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ချောက်၊ လမ်းရွာရေနံမြေ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာချောက်၊ လမ်းရွာရေနံမြေညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူမှုဖူလုံရေးရုံးမြို့နယ်တာဝန်ခံအရာရှိ ဒေါ်တင်လဲ့လဲ့ဝေက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူမှုဖူလုံရေးရုံးမြို့နယ်တာဝန်ခံအရာရှိ ဒေါ်တင်လဲ့လဲ့ဝေက ချောက်မြို့နယ် လူမှုဖူလုံရေးရုံး၌အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ချောက်၊ လမ်းရွာရေနံမြေမှ အာမခံအလုပ်သမားဦးအောင်ဇော်နိုင်၏ အလုပ်ခွင်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၈၁၀၀ ၀၀၀ နှင့် နာရေးစရိတ်ငွေကျပ် ၈၁၀၀၀၀၊ စုစုပေါင်းငွေကျပ် ၈၉၁၀၀၀၀ တိတိအား ဇနီးဖြစ်သူ ဒေါ်နိုင်မြတ်သွယ်ထံ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ချောက်၊ လမ်းရွာရေနံမြေမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အလုပ်သမားဝန်ကြီးဌာန၊ ချောက်မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

ကန်တော်ကြီး မန္တလာ
ဥယျာဉ်သာယာ
ပန်းအလှဝေဝေဆာ
အေးမြစွာအရိပ်၊
မန်းပျိုမြို့လှယဉ်ကျေးတို့
နားနေ ချွေးသိပ်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။





အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူး၊ ခရိုင်(၁၁)ခရိုင်မှ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ Virtual အစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးတွင် ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် MSME၊ စီးပွားရေး စသည့် ကဏ္ဍများအပါအဝင် နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ရမည့်ကဏ္ဍများအလိုက် လုပ်ငန်းများအား အမှန်တကယ် ပြီးမြောက်အောင် အလေးထားကာ ဦးစားပေးဆောင်ရွက်သွားကြရမည့်အပြင် ခရိုင်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့မှုများမှ အားနည်းချက်၊ အားသာချက်များအပေါ်သုံးသပ်ကာ ပိုမိုကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝသည့် အသိပညာ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှုနှင့် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင် ဆောင်ရွက်နေသည့် တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း၊ လုပ်အားများ ကောင်းမွန်မှုရှိစေရေး၊ စပါးနှင့် အဓိကဆီထွက်သီးနှံများ စိုက်ဧကနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများမှအစ မြို့ပြအထိ သန့်ရှင်းသာယာလှပရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားဖြင့် ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်(၁၁)ခရိုင်မှ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများက ရက်ပေါင်း(၁၀၀)အတွင်း ပါဝင်သည့်ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး ပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## အမှတ်(၃၇)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၆ ခုနှစ် (Grade-11)လူရည်ချွန်ကျောင်းသားက လူရည်ချွန်လေ့လာရေးခရီး အတွေ့အကြုံများကို ပြန်လည်မျှဝေ

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၃၇)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၆ ခုနှစ် (Grade-11)လူရည်ချွန်ကျောင်းသားအား ကြိုဆိုဂုဏ်ပြုပွဲနှင့် လူရည်ချွန်လေ့လာရေးခရီးအတွေ့အကြုံများအား ပြန်လည်မျှဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပရာ လူရည်ချွန်သီချင်းဖြင့် ဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ **(ဝဲပုံ)**



အခမ်းအနား၌ အောင်မြေသာစံခရိုင်၊ ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီးနောက် ၂၀၂၆ ခုနှစ် (Grade-11)လူရည်ချွန်ကျောင်းသား မောင်ဟန်ထူးလွင်က လူရည်ချွန်လေ့လာရေးခရီး အတွေ့အကြုံများကို ပြောကြားခဲ့ကြောင်းနှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား မောင်ဟန်ထူးလွင်အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ၂၀၂၆ ခုနှစ် လူရည်ချွန်မောင်မယ်များအား သက်ဆိုင်ရာတာဝန်ရှိသူများ၊ မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု

**မိုးညှင်း မေ ၁၃**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်မှ ၂၀၂၆ ခုနှစ် ထူးချွန်ထက်မြက်သည့် လူရည်ချွန်မောင်မယ်များသည် လူရည်ချွန်လေ့လာရေး အပန်းဖြေစခန်းများသို့ သွားရောက်ခဲ့ကြပြီး ယနေ့မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့သို့ ပြန်လည်ရောက်ရှိလာရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ နွေးထွေးစွာ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

မိုးညှင်းမြို့နယ်မှ ၂၀၂၆ ခုနှစ်တွင် လူရည်ချွန်မောင်မယ်လေးဦးဖြစ်ပြီး ၄င်းလူရည်ချွန်မောင်မယ်လေးဦးတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ လူရည်ချွန် နှစ်ထပ်ကွမ်း တစ်ဦး၊ Grade-10 မှ လူရည်ချွန်တစ်ဦး၊ Grade-9 မှ လူရည်ချွန်တစ်ဦးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ လူရည်ချွန် လေးထပ်ကွမ်း တစ်ဦး စုစုပေါင်း လူရည်ချွန်မောင်မယ်လေးဦးတို့သည် နေပြည်တော်၊ ပြင်ဦးလွင်၊ အင်းလေးနှင့် ငွေဆောင်စသည့် လူရည်ချွန်စခန်းများသို့ သွားရောက်လေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် မော်တော်ကားများဖြင့် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

အဆိုပါ အပန်းဖြေစခန်းများသို့ သွားရောက်လေ့လာခဲ့ကြသည့် လူရည်ချွန်မောင်မယ်များအား မြို့နယ်ပညာရေးမှူး ဒေါ်မီမီချစ်ခင် ဦးဆောင်သည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆရာအသင်းကော်မတီဝင်များ၊ မိဘဆွေမျိုးများနှင့် ပြည်သူများက ဘင်ခရာတပ်ဖွဲ့နှင့်အတူ အိုးစည်ဗုံမောင်းများဖြင့် နွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ရွှေမိုးညှင်း**





## ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စဉ့်ကူး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အနီးကပ်ကြီးကြပ်လျက်ရှိပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လက်ပန်လှကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ၊ အ.ထ.က(လက်ပန်လှ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က ကျောင်းဝင်းပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကာ ထွက်ရှိလာသော အမှိုက်များကို စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။

ထို့နောက် ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်က ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား အားဖြည့်အချိုရည်နှင့်မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **တင်စာလွင်(ပြန်/ဆက်)**

# အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျောင်းအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေသည့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များဖြင့် ယုတ်မာစွာ အကြောင်းမဲ့ပစ်လွှတ်တိုက်ခိုက်ခဲ့သဖြင့် ပညာရေးဝန်ထမ်း သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၃

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အခြေခံတစ်ရပ်ဖြစ်သည်။ ပညာရေးကပင် လူ့စွမ်းအား အရင်းအမြစ်များကို တိုးတက်စေပြီး စီးပွားရေး၊ လူမှုရေး၊ နည်းပညာနှင့် နိုင်ငံရေးကဏ္ဍများအားလုံးကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကာ နိုင်ငံ၏ အနာဂတ်ကိုတည်ဆောက်ပေးနိုင်သော အင်အားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန်နှင့် လာမည့် ကျောင်းဖွင့်ရာသီတွင် အခြေခံပညာ ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေး တပ်မတော်သားများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက် သမားများသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် စာသင်ကျောင်းများအား အဝေးမှလက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။





Drone ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မူလတန်း ကျောင်းအုပ်ဆရာနှင့် ရုံးဝန်ထမ်းများအား တွေ့ရစဉ်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (အောင်ဇေယျ)၌ ဆရာ ဆရာမများနှင့် ရုံးအဖွဲ့များက ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံခြင်း၊ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ စနစ်တကျရှိစေရေး စသည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်ချိန်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အင်းတော်မြို့၏ အနောက်ဘက် မီတာ ၂၆၀၀ ခန့်အကွာမှနေ၍ FPV Suicide Drone နှစ်စင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ရာ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ကာ မူလတန်းကျောင်းအုပ်ဆရာ တစ်ဦးနှင့် ရုံးဝန်ထမ်း နှစ်ဦးတို့တွင် ဗုံးစထိမှန်၍ မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများ ပစ်လွှတ်သည့် FPV Suicide Drone အား တွေ့ရစဉ်။




Drone ကျရောက်ပေါက်ကွဲမှုကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်ဇေယျရှိ စာသင်ဆောင်များ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မေ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကိုစုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသား ၂၀ အား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ဥပဒေ၊ လုပ်ထုံး၊



လုပ်နည်းများနှင့်အညီ တရားဆွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်








## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ မေ ၁၇ ရက်တွင် စတင်မည်

**ဟမ်းဘတ် မေ ၁၃**

ဂျာမနီနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ လာမည့် မေ ၁၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲကို မေ ၁၇ ရက်မှ ၂၄ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Flavio Cobolli ဖြစ်သည်။ **(NGB)**

## အဲလက်စ်စကော့ကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဘုန်းမောက်အသင်း စီစဉ်

**လန်ဒန် မေ ၁၃**

ဘုန်းမောက်အသင်းသည် အသင်းကွင်းလယ်ကစားသမား အဲလက်စ်စကော့ကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘုန်းမောက်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဲလက်စ်စကော့သည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ပွဲ ကစားပြီး ၆ ဂိုးထိ သွင်းယူထားသည်။

ဘုန်းမောက်အသင်းထုတ်ပြန်ချက်တွင် "အဲလက်စ်စကော့ကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**



## အက်သလက်တီကိုမက်ဒရစ်အသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် မေ ၁၃**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကို မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၅မိနစ်တွင် လွတ်ခ်မန်း၊ ပွဲချိန် ၇၁မိနစ်တွင် ဆော်လော့သ်တို့က သွင်းယူပေးခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၃၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၆မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည်။ **(NGB)**

## တာရစ်လမ်းပ်တေး ဖီအိုရင်တီးနားအသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲ

**တူရင် မေ ၁၃**

ဖီအိုရင်တီးနားအသင်းသည် အသင်း နောက်ခံကစားသမား တာရစ်လမ်းပ်တေးနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဖီအိုရင်တီးနားအသင်းနှင့်အတူ ပြိုင်ပွဲစုံနှစ်ပွဲသာ ပါဝင်ကစားထားရသေးသည်။

နောက်ခံကစားသမား တာရစ်လမ်းပ်တေးသည် ဒဏ်ရာပြဿနာနှင့် ဆက်တိုက်ရင်ဆိုင်နေရခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းထုတ်ပြန်ချက်တွင် "တာရစ်လမ်းပ်တေးနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ပါပြီ။ သူ့အနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုတွေ ရယူနိုင်ပါစေလို့ တောင်းဆုပြုပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**



## မာတီးယပ်စ်ဖာနန်ဒက်စ်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၈၄ သန်းအဖြစ် ဝက်စ်ဟမ်းအသင်း သတ်မှတ်

**လန်ဒန် မေ ၁၃**

ဝက်စ်ဟမ်းအသင်းသည် အသင်းကွင်းလယ်ကစားသမား မာတီးယပ်စ်ဖာနန်ဒက်စ်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၈၄ သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား မာတီးယပ်စ်ဖာနန်ဒက်စ်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ပွဲ ကစားပြီး ၄ ဂိုးသွင်းယူထားသည်။ **(အောက်ပုံ)**

ဝက်စ်ဟမ်းအသင်းကလည်း မာတီးယပ်စ်ဖာနန်ဒက်စ်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့်မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့အနေဖြင့် ဝက်စ်ဟမ်းအသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မာတီးယပ်စ်ဖာနန်ဒက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**





## ဘင်ဝိုက်ဒူးဒဏ်ရာကြောင့် လက်ကျန်ပွဲစဉ်အားလုံး လွဲချော်မည်

**လန်ဒန် မေ ၁၃**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဘင်ဝိုက် ဒူးဒဏ်ရာကြောင့် လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘင်ဝိုက် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘင်ဝိုက်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၀ ပွဲကစားကာ ၇ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

**(NGB)**

## ပြင်သစ်လီဂူးတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဒမ်ဘီလီဆွတ်ခူး

**ပါရီ မေ ၁၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်လီဂူး တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်း တောင်ပံကစားသမား ဒမ်ဘီလီက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်လီဂူးပွဲစဉ် ပွဲ ၂၀ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဒမ်ဘီလီသည် ပြင်သစ်လီဂူးတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို နှစ်ရာသီဆက်တိုက် ဆွတ်ခူးရရှိသည့် ငါးဦးမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဒမ်ဘီလီက "ကျွန်တော် အခုလို ပြင်သစ်လီဂူးတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးမှုကြောင့်ပါ။နောက်ထပ်လည်း ယခုလိုဆုတွေ အပြင်အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## အက်စ်တီဗာအို ပေါင်ခြံဒဏ်ရာကြောင့် ဘရာဇီးလက်ရွေးစင်အသင်း လူစာရင်းမှ ချန်လှပ်ခြင်းခံရ

**လန်ဒန် မေ ၁၃**

တောင်ပံကစားသမား အက်စ်တီဗာအို ပေါင်ခြံဒဏ်ရာမှ သက်သာလာခြင်းမရှိသေးသောကြောင့် အသင်းလူစာရင်းမှ ချန်လှပ်ခြင်းခံခဲ့ရသည်။

အဆိုပါ တောင်ပံကစားသမားသည် ကလပ်အသင်းဖြစ်သည့် ချဲလ်ဆီးအသင်းအတွက် ပါဝင်ကစားပေးရင်း ဒဏ်ရာရရှိခဲ့ကာ လက်ရှိအချိန်ထိ သက်သာလာခြင်းမရှိသေးသောကြောင့် ဘရာဇီးလက်ရွေးစင်အသင်းလူစာရင်းမှ ချန်လှပ်ခြင်းခံခဲ့ရသည်။



တောင်ပံကစားသမား အက်စ်တီဗာအိုသည် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၁၁ပွဲ ကစားကာ ၅ဂိုးထိ သွင်းယူထားနိုင်ခဲ့သည်။ **(ဝဲပုံ)**

ဘရာဇီးလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၄ ရက်တွင် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၅-၂၀၂၆ ည ၁၁း၃၀နာရီ | (၁၂)ဗလင်စီယာ - ဗယ်လက်ကာနို(၁၀) (L,D,W,L,W) (D,W,W,W,D) | ဗလင်စီယာ ၀-၁ ဗယ်လက်ကာနို ဗယ်လက်ကာနို ၁-၁ ဗလင်စီယာ |
| ၁၅-၅-၂၀၂၆ နံနက် ၀၀း၃၀နာရီ | (၁၈)ဂျီရိုနာ - ဆိုစီဒက်(၈) (D,L,L,L,D) (W,L,D,L,D) | ဂျီရိုနာ ၀-၁ ဆိုစီဒက် ဆိုစီဒက် ၃-၂ ဂျီရိုနာ |
| ၁၅-၅-၂၀၂၆ နံနက် ၀၂း၀၀နာရီ | (၂)ရီးရဲလ်မက်ဒရစ် - အိုဗီဒို(၂၀) (L,W,D,W,L) (W,D,L,L,D) | ——— |

# အိမ်ခြံမြေကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MRPDA နှင့် UAB Bank တို့၏ ပူးပေါင်းဆောင်ရွက်မှု များစွာအကျိုးပြုနိုင်မည်

**မန္တလေး မေ ၁၃**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဗဟို) (MRPDA) နှင့် UAB Bank တို့၏ လက်တွဲပူးပေါင်းမှုသည် မြန်မာနိုင်ငံ၏ အိမ်ခြံမြေလုပ်ငန်း ကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုများအတွက် များစွာအကျိုး ပြုနိုင်မည်ဟု ယုံကြည်မျှော်လင့် ပါကြောင်း MRPDA ဗဟို ဒုတိယ ဥက္ကဋ္ဌ(၁) ဦးဝဏ္ဏစိုးက ပြောကြားသည်။

ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့၊ Time City ရှိ UAB Bank ရုံးချုပ်၌ ကျင်းပ သည့် နှစ်ဖက်အဖွဲ့အစည်းများ အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲတွင် ၄င်းက ထိုသို့ ထည့်သွင်းပြော ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန် လွှာလက်မှတ်ရေးထိုးခြင်းနှင့် စပ် လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏ စိုးက ဆက်လက်ပြောကြားရာတွင် ယခုကဲ့သို့ လက်တွဲဆောင်ရွက် ခြင်းသည် အိမ်ခြံမြေလုပ်ငန်းရှင် များ၊ Developer များ၊ Real Estate Agents အကျိုးဆောင် များနှင့် အိမ်ရာဝယ်ယူလိုသူ မိဘ ပြည်သူများအတွက် ဘဏ်လုပ် ငန်းဝန်ဆောင်မှု (Banking Services) များနှင့် အိမ်ရာချေးငွေ (Home Loan) ဝန်ဆောင်မှု များကို ပိုမိုလွယ်ကူအဆင်ပြေ စေရန် အထောက်အကူပြုမည့် အရေးပါသော ပူးပေါင်းဆောင် ရွက်မှုတစ်ခုဖြစ်ကြောင်း ရှင်း လင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် MRPDA အသင်းဗဟိုဥက္ကဋ္ဌ ဦးနန္ဒကျော်နှင့် UAB Bank ၏ CEO Mr. Christopher Loh တို့ကလည်း အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး အိမ်ခြံမြေနှင့် ဘဏ်လုပ်ငန်းကဏ္ဍအကြား ပိုမို ခိုင်မာသော ပူးပေါင်းဆောင်ရွက် မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ Customer များအတွက် ပိုမို ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများကို အတူတကွ တည်ဆောက်နိုင်ရေးတို့ကို အလေး ပေးဆွေးနွေးခဲ့ကြသည်။




ယခု MoU ရေးထိုးခြင်း အားဖြင့် အိမ်ခြံမြေနှင့် ဘဏ် ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက်အဖွဲ့ အစည်းများအကြား အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ (ဓာတ်ပုံ)

**(မန္တလေးနေ့စဉ်-စ)**



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို သရက်ခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ကြည့်ရှုစစ်ဆေး

**သရက် မေ ၁၃**

မကွေးတိုင်းဒေသကြီး၊ ဝန် ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ တိုင်းဒေသကြီးအဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ မေ ၁၂ ရက် နံနက် ၁၀ နာရီ က သရက်မြို့၊ သရက်ခရိုင်ခန်းမ ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံကာ မြို့နယ် အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများသည် သရက် ခရိုင်၊ လမ်းဦးစီးရိပ်သာသို့ ရောက် ရှိလာပြီး သရက်-အောင်လံ တံတားစီမံကိန်းတည်ဆောက်ရေး နှင့်ပတ်သက်၍ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၃)မှ အင်ဂျင် နီယာမှူးကြီး ဦးမြင့်ဝင်းက ရှင်း လင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ကို လမ်းညွှန်မှာကြားခဲ့သည်။

တွေ့ဆုံစဉ် မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်က ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ် သက်ပြီး အဖွင့်အမှာစကားပြော ကြားပြီး သရက်ခရိုင် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက ခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက် အလက်များ၊ အုပ်ချုပ်ရေး၊ စီးပွား ရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာ ရေးနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ဆက်လက်ပြီး ဒေသခံပြည်သူလေးဦးက သရက် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုး တက်ရေးလိုအပ်ချက်များ တင်ပြ ကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကဏ္ဍအလိုက် လိုအပ်ချက်များ အား သက်ဆိုင်ရာဌာန တာဝန် ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သရက်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက နိုင်ငံတော် အစိုးရ၏ ရက်(၁၀၀) "လမင်း" စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ထုတ်ပေးနေသည့် အခြေအနေများအား ကြည့်ရှု စစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက နိုင်ငံ သားစိစစ်ရေးကတ်များကို သက် ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ အသီးသီး ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး သရက်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုး ပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ကောက်ရိုး မှိုနှင့်ငွေနှင်းမှို လက်တွေ့စိုက်ပျိုး ပြသခြင်း၊ သရုပ်ပြမှိုခြံအား ကြည့် ရှုလေ့လာခဲ့ပြီး မှိုစိုက်ပျိုးနည်း သင်တန်း သင်ကြားပေးနေမှုအား ကြည့်ရှုအားပေးခဲ့သည်။ထို့နောက် သရက်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရာပြည့် ခန်းမတွင် ခရိုင်၊ မြို့နယ် ပညာ ရေးမှူးများ၊ သရက်မြို့နယ်အတွင်း ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ နှင့်တွေ့ဆုံ၍ ပညာရေးကဏ္ဍမြှင့် တင်ရေး၊ ကျောင်းနေနှုန်းမြင့်မား ရေး၊ အောင်ချက်မြင့်မားရေး များကို လမ်းညွှန်မှာကြားပြီး လို အပ်ချက်များအပေါ် တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စော်ထက်(သရက်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ

**မြစ်သား မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဆွေး နွေးပွဲ (Talk Show) ကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက လူထု အခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပ ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည် ရွယ်ချက်များရှင်းလင်းပြောကြား ပြီး မြစ်သားမြို့နယ် တရားလွှတ် တော်ရှေ့နေ ဒေါ်ထွန်းထွန်းမော် က ကလေးအလုပ်သမားနှင့်ပတ် သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမားပပျောက်ရေး အတွက် အရေးကြီးပုံအကြောင်း၊ ကလေးအလုပ်သမားများ လျော့ နည်းပပျောက်အောင်ကလေးများ ကို အကာအကွယ်ပေးရမည့် အကြောင်းအရာများ၊ မြန်မာနိုင်ငံ ၏ ကလေးအလုပ်သမားဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို အကျယ် တဝင့် ရှင်းလင်းဆွေးနွေးပြော ကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝါဝါမြင့်(မြစ်သား)**




# စိုက်ကေများ ကိန်းဂဏန်းမှန်ကန်စေရေး စစ်တမ်းများ ကွင်းဆင်းကောက်ယူ

**အမရပူရ မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ၌ ၂၀၂၅- ၂၀၂၆ ခုနှစ် စိုက်ဧကများ ကိန်းဂဏန်း မှန်ကန်စေရေး စစ်တမ်းများ ကွင်း ဆင်းကောက်ယူခြင်းအား မေ ၁၂ ရက် နံနက် ၁၀ နာရီက အမရပူရ မြို့နယ်၊ တမုတ်ဆိုးကျေးရွာ အုပ်စု၊ ဂျိုရွာကျေးရွာ၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်တမ်း ကောက်ယူနေမှုကို စိုက်ပျိုးရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသ ကြီး၊ ဒုတိယတိုင်းဒေသကြီး ဦးစီး မှူးဦးစိုးသိန်းက ကြည့်ရှုစစ်ဆေး ပြီး တောင်သူများအား စိုက်ပျိုး ရေးနည်းပညာများကို ဟောပြော ဆွေးနွေးခဲ့သည်။

ယနေ့ ကွင်းဆင်းစစ်တမ်း ကောက်ယူရာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး၊ အမရပူရ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီး မှူး ဦးမျိုးလှိုင်နှင့် ဝန်ထမ်းများ၊မြေ စာရင်းဦးစီးဌာနမှ ကွင်းတာဝန်ခံ နှင့် ဖိတ်ကြားထားသောတောင်သူ များ တက်ရောက်ခဲ့ကြောင်း စိုက် ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

(အောက်ပုံ)

**စိုးသီဟ(အမရ)**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အသိပညာပေး Talk Show ပြုလုပ်

**မန္တလေး မေ ၁၃**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေ ပြု ဗဟိုဌာန Community ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်း သိမ်းရေးနေ့အသိပညာပေး Talk Show ကို မေ ၁၂ ရက် နံနက် ပိုင်းက ကျင်းပသည်။




ထိုသို့ ဆွေးနွေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့နှင့် ပတ်သက် သည့်အကြောင်းအရာများအား မေးမြန်းဆွေးနွေးရာ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်မို့မို့ချစ်က ၁၉၇၂ ခုနှစ်၊ ကုလသမဂ္ဂအထွေထွေညီလာခံမှ စတင်အခြေပြုခဲ့သော ကမ္ဘာ့ပတ် ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ၂၀၂၆ ခုနှစ် ဇွန် ၅ ရက်တွင် (၅၄) နှစ်မြောက် ရှိပြီဖြစ်ပါကြောင်းနှင့် လူထုအသိပညာမြှင့်တင်ရေးနှင့် လူငယ်များ ပါဝင်ဆောင်ရွက်ရေး တို့ကို အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ နှင့် လူထုအားလုံးတို့မှ ပူးပေါင်း ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သိရှိရသည်။ (ဓာတ်ပုံ)

(ဝ၉၃)

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ချောက် မေ ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချောက်မြို့နယ်ဘဏ်ခွဲမှ တောင်သူများအတွက် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက ချေးငွေများ ထုတ်ချေးပေးသည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်က ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်ရေးတို့ကို ပြောကြားခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်ယဉ်မာနွဲ့က ချေးငွေဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခြင်း၊ တောင်သူလယ်သမားများ ကိုယ်စားချေးငွေစိစစ်ရေးဥက္ကဋ္ဌ ဦးရဲတင့်က ကျေးဇူးတင်စကားပြောကြားခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ တာဝန်ရှိသူများက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ရသစ်ကျေးရွာအုပ်စုရှိ ကျေးရွာခွဲလေးရွာမှ တောင်သူဦးရေ ၁၇၁ ဦး မြေပဲဧကပေါင်း ၉၁၅ ဧကအတွက် ထုတ်ချေးငွေကျပ် ၂၂၈၇ သိန်း ၅ သောင်းအားထုတ်ချေးပေးခဲ့ပြီး မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူတစ်ဦးလျှင် စိုက်ပျိုးမြေဧက ၁၀ ဧကအထိ ထုတ်ချေးပေးရာသီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်စေပြီး မြေပဲတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **ဝင်းအိမ္ဘန်(ပြန်/ဆက်)**

# သီးနှံ ၁၄ မျိုး စိုက်ဧက မှန်ကန်မှုရှိ၊ မရှိ ခရိုင်နှင့် မြို့နယ်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများအတွင်း အရေးကြီးသီးနှံအဖြစ် ပန်းတိုင်သတ်မှတ်ထားသည့် သီးနှံ ၁၄ မျိုး၏ စိုက်ဧကများ မှန်ကန်မှုရှိ၊ မရှိကို မေ ၁၂ ရက် နံနက် ၁၀ နာရီက၊ ဆင်တိုင်းကန်ကျေးရွာအုပ်စုနှင့် တံခါးမကျေးရွာအုပ်စုများသို့ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဆင့် သီးနှံ ၁၄ မျိုး စိုက်ဧကများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်နှင့် ဝန်ထမ်းများက ဆင်တိုင်းကန်ကျေးရွာအုပ်စု ကြဲစို့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တောင်သူ ၄၈ ဦးနှင့် လည်းကောင်း၊ တံခါးမကျေးရွာအုပ်စု တံခါးမကျေးရွာ မွှာရုံ၌ တောင်သူ ၆၂ ဦးတို့နှင့် လည်းကောင်းတွေ့ဆုံခဲ့ကြပြီး၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးတို့က တောင်သူများအား သတ်မှတ်သီးနှံများ ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အတွက် နှုန်းပြည့်မီအောင် အလေးထားဆောင်ရွက်ရေး ဆွေးနွေးမှာကြားကြသည်။ ထို့နောက် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် အရေးကြီးသီးနှံအဖြစ် ပန်းတိုင်သတ်မှတ်ထားသည့် သီးနှံ ၁၄ မျိုးအနက် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ချည်မျှင်ရှည်ဝါနှင့် ကြက်သွန်နီ အစရှိသည့် သီးနှံရှစ်မျိုးသာ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ သိရပြီး၊ အဆိုပါသီးနှံများ စိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး၊ တောင်သူများကလည်း ရရှိလာသည့် မိုးလေဝသ အခြေအနေကောင်းများအပေါ်တွင် တည်မှီ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၅၆)**



# လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကျင်းပ

**မန္တလေး မေ ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများတွေ့ဆုံပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် အကွက်(၈၂၀)၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၂လမ်းရှိ မြင်းတန်းရပ်လှထွေကျောင်းတိုက်၊ အဘယာရာမမွှေ့ရုံတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူးဦးစန်းမောင်ဘဏ္ဍာရေးမှူး ဦးမော်ကြီးနှင့် ကော်မတီဝင်များ ပြည်ကြီးမျက်မှန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်ဝင်းနှင့် အကွက်မှူးများ၊ ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက နိုင်ငံတော်မှ ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရမဲဆန္ဒရှင်ပြည်သူများရဲ့ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ရပ်ကွက်၏ လိုအပ်ချက်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးက ပြည်သူလူထုရဲ့အသံကို လွှတ်တော်သို့ တင်ပြပေးနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်ချိတ်ဆက်ကာ ဆောင်ရွက်ပေးမှာဖြစ်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အတွင်း ကွင်းဆင်း၍ အကွက် (၄၁၄)နဂါးအကွက်မှ ၃၄(D) လမ်း၊ လမ်း ၆၀နှင့် ၆၁လမ်းကြားအတွင်း လမ်းသွယ်များအား ရှင်းလင်းပေးရန် အကွက် ၈၂၀ မှ ရေဆိုးမြောင်းအသစ်ပြန်လည်တူးဖော်ပေးရန်တို့ကို တင်ပြခဲ့ကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ သက်ဆိုင်ရာဌာနကိုတင်ပြ၍အမြန်ဆုံးဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၁)**

ဝ-ဝ-ဝ-ဝ-ဝ

# စိုက်ပျိုးမွေးမြူရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**မိုင်းပျဉ်း မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးမွေးမြူရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက ယမ်းမိုင်ကျေးရွာအုပ်စု၊ ယမ်းမိုင်ကျေးရွာ ဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။



ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာ၌ မိုင်းပျဉ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးထက်က မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရေး၊ သဘာဝသစ်ဆွေးမြေသြဇာများ ပြုလုပ်သုံးစွဲပုံအဆင့်ဆင့်နှင့် တစ်ဧကအထွက်နှုန်း ပိုမိုမြင့်မားရေးတို့အတွက်လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်သန်းက ကျွဲ၊ နွား၊ ကြက်၊ ဝက် စသဖြင့် မွေးမြူကြရာ၌ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ ဖြစ်ပွားတတ်သော ရောဂါအမျိုးအစားများအကြောင်းတို့ကိုလည်းကောင်း အလှည့်ကျဆွေးနွေးဟောပြောကြရာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝိုးစိန်တို့က ရှမ်းဘာသာများဖြင့် ပြန်လည်ရှင်းလင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါရက် (၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးမွေးမြူရေး အသိပညာပေးကွင်းဆင်းရာ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝိုးစိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ စုပေါင်းကွင်းဆင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ယမ်းမိုင်ကျေးရွာ ကျေးလက်ပြည်သူများ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအသင်း အုပ်စု(ဃ)တွင် ဧရာဝတီတိုင်းကချင်ပြည်နယ်တို့နှင့်တစ်အုပ်စုတည်းကျ

**မန္တလေး မေ ၁၃**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖန်လေးဖန်ခွဲ၍ ကျင်းပမည်ဖြစ်ရာ အုပ်စု(ဃ) ပုသိမ်ဖန်တွင် မန္တလေးတိုင်းဒေသကြီးအသင်းသည် အိမ်ရှင် ဧရာဝတီတိုင်းဒေသကြီး ကချင်ပြည်နယ်တို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။**(အောက်ပုံ)**



အုပ်စုအလိုက် ပွဲစဉ်ဇယားများရေးဆွဲပြီးဖြစ်ရာ အုပ်စု(က) ဘားအံဖန်တွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အုပ်စု(ခ)ပဲခူးဖန်တွင် ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး အုပ်စု(ဂ) တောင်ကြီးဖန်တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို မေ ၁၉ ရက်မှ စတင်ကျင်းပမှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အသင်းသည် မေ ၂၂ ရက်တွင် ကချင်ပြည်နယ် မေ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့နှင့် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၃၂)**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ဆေးသကြားပင်

ဆီးချိုရောဂါထိန်းရန်၊ ခန္ဓာကိုယ်အလေးချိန်ထိန်းရန်နဲ့ အရေပြားကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်ရန် အသုံးပြုပါတယ်။

ကာဗိုဟိုက်ဒရိတ်ကို ထိန်းတဲ့ဓာတ်စာ စားသုံးနေရတဲ့ ဆီးချိုရောဂါရှိသူတွေအတွက် လိုအပ်တဲ့ အချိုဓာတ်ကို သကြားအစား Steviaနဲ့ အစားထိုးစားသုံးနိုင်ပါတယ်။

Stevia မှာပါတဲ့ Stevioside (Non Carbohydrade Glycoside) က ပြိုကွဲတဲ့အခါမှာ ဂလူးကို့စ်ပါဝင်တဲ့ ပစ္စည်းလေးများ (Glucose-containing particles) အဖြစ် ရရှိလာပါတယ်။

အူလမ်းကြောင်းမှာရှိတဲ့ ဘက်တီးရီးယားတွေက ၎င်း Particlesများကို စုပ်ယူလိုက်တဲ့အတွက် သွေးကြောထဲမှာ မစုပ်ယူနိုင်တော့ဘဲ ခန္ဓာကိုယ်မှာလည်း ဂလူးကို့စ်မြင့်တက်လာခြင်း မဖြစ်တော့ပါဘူး။

Steviaမှာ ကယ်လိုရီနည်းတဲ့အတွက် ခန္ဓာကိုယ်လေးချိန်ကိုလည်း လျှော့နည်းစေပါတယ်။

Glucosidesများပါတဲ့အတွက် သွေးကြောမှာ သွေးပုံမှန်လည်ပတ်စေပြီး ဆီးသွားစေမှုများစေတဲ့အတွက် ဆိုဒီယမ်ကို ဖယ်ထုတ်မှုများစေပါတယ်။

သွေးဖိအားနည်းစေတဲ့အတွက် နှလုံးရောဂါကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

မကောင်းတဲ့ ကိုလက်စထရောနဲ့ Triglyceride ပမာဏကို လျော့နည်းစေပြီး ကောင်းတဲ့ ကိုလက်စထရောကို များစေပါတယ်။

ခံတွင်းမှာရှိတဲ့ ဘက်တီးရီးယားတွေကို လျော့နည်းစေတဲ့အတွက် ခံတွင်းကျန်းမာရေးကိုကောင်းစေပါတယ်။ သွားတိုက်ဆေးနဲ့ ခံတွင်းသန့်ရှင်းရေးအတွက်သုံးတဲ့ဆေးတွေမှာ ထည့်သွင်းအသုံးပြုပါတယ်။

အရေပြားနဲ့ အရိုးကျန်းမာရေးကောင်းမွန်စေရန် ကူညီပေးပါတယ်။

### အသုံးပြုပုံ

အပင်အမြင့် ၈ လက်မနဲ့အထက် မြင့်လာတဲ့အခါ လတ်ဆတ်တဲ့ အရွက်များကို သကြားဓာတ်ပမာဏအများဆုံးရောက်နေချိန် မနက်စောစောမှာ ခူးပါတယ်။

လတ်ဆတ်တဲ့ အရွက်ကို သုံးတဲ့အပြင် အရွက်ခြောက်ကို အမှုန့်ကြိတ်ပြီးလည်း မုန့်ချိုများ၊ သစ်သီးနဲ့ ဖျော်ရည်များမှာ သကြားအစားအသုံးပြုကြပါတယ်။ ချက်ပြုတ်ရာမှာလည်း အသုံးပြုပါတယ်။

လက်ဖက်ရည်ဇွန်း ရှစ်ပုံတစ်ပုံ ပမာဏရှိတဲ့ အရွက်ခြောက်မှာ သကြားပါဝင်မှုက သကြားလက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ ညီမျှပါတယ်။

ဆီးချိုရောဂါရှိသူများနဲ့ ဓာတ်စာစားသုံးသူများ(Dieters) သကြားစားသုံးမှုလျှော့ရန် ဆေးသကြားကို အသုံးပြုကြပါတယ်။

ဆီးချိုရောဂါနဲ့ သွေးဖိအားနည်းသူများမှာ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ အသင့်အတင့်သာ စားသုံးသင့်ပါတယ်။



## အာလူး

အာလူးဟာ ကမ္ဘာတစ်ဝန်းမှာ လူကြိုက်များတဲ့ အစားအစာတစ်ခုဖြစ်ပြီး ကျန်းမာရေးအတွက် ကောင်းကျိုးရော၊ ဆိုးကျိုးရောရှိပါတယ်။

**အာဟာရဓာတ်ကြွယ်ဝခြင်း**

အာလူးမှာ ဗီတာမင်စီ၊ ဗီတာမင် B6 နဲ့ ပိုတက်စီယမ်ဓာတ်တွေ ကြွယ်ဝစွာ ပါဝင်ပါတယ်။

**စွမ်းအင်ကိုဖြစ်စေခြင်း**

ကာဗိုဟိုက်ဒရိတ် အရင်းအမြစ်ဖြစ်သောကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်ကို လျင်မြန်စွာ ပေးစွမ်းနိုင်ပါတယ်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

အာလူးမှာပါတဲ့ အမျှင်ဓာတ်(Fiber)က ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို ချောမွေ့စေပါတယ်။ (အာလူးခွံနဲ့အတူ စားသုံးပါက ပိုမိုကောင်းမွန်ပါတယ်။)

**နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း**

ပိုတက်စီယမ်ဓာတ်က သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်သောကြောင့် နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုပါတယ်။

ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း

ဗီတာမင်စီ ပါဝင်မှုကြောင့် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပါတယ်။

### သတိပြုရန်

**သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်း**

အာလူးမှာ Glycemic Index (GI) မြင့်မားသောကြောင့် အလွန်အကျွံစားသုံးရင် သွေးတွင်းသကြားဓာတ်ကို လျင်မြန်စွာတက်စေနိုင်ပါတယ်။ ဆီးချိုရောဂါရှိသူများ အတိုင်းအတာဖြင့်သာ စားသုံးသင့်ပါတယ်။

**ကိုယ်အလေးချိန်တက်နိုင်ခြင်း**

အာလူးကို ဆီကြော်(French fries) သို့မဟုတ် ထောပတ်၊ ဒိန်ခဲတို့နဲ့ တွဲဖက်ပြီး အလွန်အကျွံစားသုံးရင် ကိုယ်အလေးချိန်တိုးလာစေနိုင်ပါတယ်။

**အဆိပ်အတောက်ဖြစ်နိုင်ခြေ**

အာလူးအခွံမှာ အစိမ်းရောင်သန်းနေရင် သို့မဟုတ် အညှောက်ထွက်နေရင် Solanine လို့ခေါ်တဲ့ အဆိပ်ဓာတ်ပါဝင်နိုင်ပါတယ်။ ထိုအစိမ်းရောင်အပိုင်းတွေကို သေချာဖယ်ရှားပစ်ဖို့ သို့မဟုတ် မစားသုံးဖို့ လိုအပ်ပါတယ်။

**ချက်ပြုတ်ပုံနည်းလမ်း**

အာလူးကို အပူချိန် အလွန်မြင့်မားစွာဖြင့် ကြော်လှော်တဲ့အခါ Acrylamide လို့ခေါ်တဲ့ ဓာတ်တစ်မျိုးထွက်ရှိနိုင်ပြီး ၎င်းဓာတ်ဟာ ကျန်းမာရေးအတွက် မကောင်းပါဘူး။

### အကြံပြုချက်

ကျန်းမာရေးနဲ့ညီညွတ်အောင် စားသုံးချင်ရင်တော့ အာလူးကို ဆီကြော်မစားဘဲ ပြုတ်စားခြင်း၊ ပေါင်းစားခြင်း သို့မဟုတ် ဖုတ်စားခြင်း နည်းလမ်းတွေကို ရွေးချယ်သင့်ပါတယ်။ အာလူးခွံမှာ အာဟာရဓာတ်အများအပြား ပါဝင်သောကြောင့် သေချာဆေးကြောပြီး အခွံပါ စားသုံးပေးရင် ပိုမိုကောင်းမွန်ပါတယ်။



## သဘော်အဖိုပင်

၁။ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာနဲ့ သားအိမ်ကင်ဆာအပါအဝင် ကင်ဆာရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

၂။ သဘော်အဖိုအရွက်ကို ရေစင်အောင်ဆေးပြီး အရည်ညှစ်ယူပါ။ မနက်၊ ည ရေနွေးကြမ်းပန်းကန်တစ်လုံးစီဖြင့် တစ်လကျော်ကြာပုံမှန်သောက်ပေးပါက ကင်ဆာရောဂါကို ထူးထူးခြားခြား သက်သာစေပါတယ်။

၃။ သွေးကျဲဆေးသောက်နေရသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ သဘော်ရွက်ကို အသုံးမပြုသင့်ပါ။

၄။ ဝက်ခြံပျောက်ကင်းလိုပါက သဘော်ရွက်ကို နေလှန်း၍ အမှုန့်ပြုလုပ်ပြီး ရေနဲ့ဖျော်ကာ မျက်နှာကို လိမ်းပေးနိုင်ပါတယ်။

၅။ အစာခြေစနစ်ကို အားကောင်းစေပြီး အစာစားချင်စိတ်ကို ပိုမိုဖြစ်ပေါ်စေပါတယ်။

၆။ သဘော်ရွက်ကို ရေနွေးကြမ်းလုပ်ပါက အပူချိန် ၁၅၀ ဒီဂရီဖာရင်ဟိုက်ခန့်သာ ရှိသင့်ပါတယ်။ ကလေးငယ်များအတွက် သဘော်ရွက်အစိမ်းရည်ထဲကို ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးနိုင်ပါတယ်။

၇။ သွေးလွန်တုပ်ကွေးရောဂါအတွက် သဘော်ရွက် ငါးရွက်ကို ရေလီတာဝက်ခန့်နဲ့ ပြုတ်၍ သောက်သုံးပေးပါ။

၈။ သဘော်ပင်ကထွက်တဲ့ အစေးဟာ ဆေးဖက်ဝင်ပြီး ရင်သား၊ အဆုတ်၊ သရက်ရွက်၊ သားအိမ်ဝနဲ့ အသည်းကင်ဆာတွေအတွက် ထိရောက်ကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ သုတေသနပညာရှင်များက ဆိုပါတယ်။

၉။ အရွက်ခြောက်ကို ရေနွေးကြမ်းလုပ်သောက်ခြင်းက ပိုမိုစွမ်းအင်ထက်မြက်စေပြီး အစာမရှိခင်သောက်သုံးပါက စိတ်ပိုင်းဆိုင်ရာကို လန်းဆန်းစေပါတယ်။

၁၀။ သဘော်ပင်ဟာ လေနာကို ပျောက်ကင်းခြင်း၊ မီးယပ်မှန်စေခြင်း၊ ဆီးရှင်စေခြင်း၊ သွေးကိုသန့်စင်စေခြင်း၊ သည်းခြေအပူကို ငြိမ်းစေပါတယ်။

၁၁။ အစာခြေစနစ်အားကောင်းစေရန် သဘော်ရွက်ကို မီးဖြိုက်၍ တို့စားပေးပါက လေထိုးလေအောင့်၊ နှလုံးရောဂါနဲ့ ခံတွင်းပျက်ခြင်းတို့ကို သက်သာစေပါတယ်။

၁၂။ လက်ဖက်ထဲသို့ သဘော်ရွက်ကို မီးအုံးထည့်စားခြင်းဖြင့် လက်ဖက်ကြောင့်ဖြစ်တတ်သော လေနာခြင်းနဲ့ အိပ်မပျော်ခြင်းကို ကာကွယ်ပေးပါတယ်။

၁၃။ နားအူ၊ နားကိုက်၊ နားလေးခြင်းများအတွက် သဘော်ရွက်ကို နှမ်းဆီလူး၍ နားတွင် ကပ်ပေးရပါတယ်။

၁၄။ အနာကြောင့် ရောင်ရမ်းခြင်းများဖြစ်ပေါ်ပါက သဘော်ရွက်ဖြင့် စည်းပေးနိုင်ပါတယ်။

၁၅။ ခန္ဓာကိုယ်တွင်းရှိ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်စ်ပိုးများကို ဖျက်ဆီးပေးပြီး ဆဲလ်များကို ပြန်လည်အားကောင်းစေပါတယ်။

၁၆။ အမျိုးသားများ ဆီးနည်း၊ ဆီးအောင့်ခြင်းကြောင့် ကပ်ပယ်အိတ်ရောင်ပါက အရွက်အကြမ်းကို မီးကျွမ်းအောင်ကင်ပြီး ရေနွေးထဲခတ်ကာ တစ်နေ့လျှင် သုံးကြိမ်သောက်ပေးပါ။ အရွက်အနုကို မီးကင်၍ တို့စားပါက ငါးရက်အတွင်း သိသိသာသာပျောက်ကင်းစေပါတယ်။

၁၇။ ငါးမျက်စိ၊ အသားမာ၊ မှဲ့အပါးနဲ့ အသားပိုများကို သဘော်အစေးဖြင့် နေ့စဉ် ၁၀ မိနစ်ခန့် တို့ပေးပါက လေး၊ ငါးရက်အတွင်း ကြွေကျပျောက်ကင်းစေပါတယ်။

၁၈။ ခါးနာ၊ ခါးကိုက်ဝေဒနာရှင်များ သဘော်အဖိုရွက် သုံး၊လေးရွက်ကို ခါးတွင်ပတ်၍ အိပ်ပေးပါက ဝေဒနာသက်သာစေပါတယ်။

၁၉။ သွားပိုးစားခြင်းနဲ့ ရေစီးကမ်းပြိုဖြစ်ပါက သဘော်ဖိုရွက်အခြောက်မှုန့်ဖြင့် သွားတိုက်ပေးပါ။

၂၀။ အစာအိမ်ဝေဒနာရှင်များ သဘော်ဖိုရွက်စိမ်း သတ္တုရည် စတီးဇွန်းသုံးဇွန်းခန့်ကို တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးခြင်းဖြင့် ခွဲစိတ်ရန်မလိုဘဲ သက်သာနိုင်ပါတယ်။

၂၁။ လိပ်ခေါင်းရောဂါအတွက် သဘော်ဖိုအရိုးနဲ့ အရွက်ကို ထုထောင်းထားသော အရည်ကိုလိမ်းပေးပါ။ သဘော်ဖိုအပွင့်ကိုလည်း သုပ်စားပေးပါ။

၂၂။ အရေပြားထူအမ်းပြီး အဖုအထစ်များဖြစ်ပါက အရွက်နဲ့ အရိုးတံကို ကြိတ်ချေ၍ ကြပ်ထုပ်ထိုးပေးပါ။

၂၃။ ရင်ဘတ်အောင့်ခြင်း၊ နာခြင်းများအတွက် သဘော်ဖိုအပွင့်ကို သံပရာရည်ညှစ်ကာ သုပ်စားပေးပါ။

၂၄။ ငှက်ဖျားရောဂါအတွက် သဘော်အဖိုပင် ပဋ္ဌငါးပါးကို ထန်းလျက်နဲ့ကျိုချက်သောက်သုံးပေးပါ။

၂၅။ အသည်းရောင်၊ ဖောရောင်၊ ချောင်းဆိုးရင်ကြပ်နဲ့ ကင်ဆာဝေဒနာရှင်များ သဘော်အဖိုရွက် အရည်ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ရောဂါအမြစ်ပြတ်အောင် ကုသနိုင်ပါတယ်။



## ပျဉ်းမပြုအမြစ်

ပျဉ်းမဖြုအမြစ်ဟာ သားအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာ စတဲ့ ကင်ဆာရောဂါမျိုးစုံ၊ လေးဖက်နာ၊ လေဖြတ်လေငန်းရောဂါတွေကို ပျောက်ကင်းစေပါတယ်။

ပျဉ်းမဖြုမြစ်ကို ဆန်ဆေးရည်နဲ့ တစ်နေ့လျှင် နှစ်ကြိမ် ထမင်းစားဇွန်းတစ်ဇွန်းစာ ရောဂါဝေဒနာ သက်သာသည်အထိ သောက်ပေးပါ။

ပျဉ်းမဖြုအခေါက်နဲ့ နလင်ကျော် နှစ်မျိုးကို ဆန်ဆေးရည်နဲ့သွေးပြီး တစ်နေ့လျှင် နှစ်ကြိမ် ဟင်းစားဇွန်းတစ်ဇွန်းစာ ဝေဒနာသက်သာသည်အထိ နေ့စဉ်သောက်ပေးပါ။

လေဖြတ်သူများ လိမ်းလည်းလိမ်း သောက်လည်းသောက်ပေးပါ။

ဒူးနာ၊ ခါးနာ၊ ဇက်ကြောတက်ညောင်းညာကိုက်ခဲသူများ အခေါက်ကို သွေးလိမ်းရုံနဲ့ပင် သက်သာပျောက်ကင်းပါတယ်။

**" အာရောဂျံ ပရမံ လာဘံ "**

ကိုးကား – Tik Tok

## စာအုပ်ခင်းကဏ္ဍ

စာအုပ်အမည် - လက်ရွေးစင်ကဗျာ(၁၉၉၀-၂၀၀၀)
စာရေးသူ - နေမျိုး
ထုတ်ဝေသည့်စာပေတိုက် - ကျော့်မွှေးစာပေ
တန်ဖိုး - ၁၅၀၀၀ ကျပ်
မျက်နှာဖုံးပန်းချီ - နေမျိုး
စာမျက်နှာ - ၂၀၃ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ




စာရေးသူ ကဗျာဆရာနေမျိုး၏ အမှာစာနှင့်အတူ ကဗျာ ၁၀၆ ပုဒ်ကို စုစည်းထားသည်။ ခေတ်ပေါ်(မော်ဒန်)ကဗျာများဖြစ်ပြီး ၁၉၉၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ရေးဖွဲ့ထားသော ကဗျာများဖြစ်သည်။

### ဖော်ညွှန်းသီ

ပေါ့ပေါ့ပါးပါးနှင့် ခံစားနားလည်နိုင်မည့် အရေးအသားများဖြစ်ရာ ခေတ်ပေါ်(မော်ဒန်) ကဗျာနှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်သည်။

မန္တလေး

* အရှေ့အနောက်မြောက်ဝဲယာ
နှစ်ဆယ့်လေးနာရီပတ်လုံး
မိုးထစ်ချုန်းရွာချခဲ့။

* ဆာဟာရတွေ
ရင်ဘတ်ထဲထည့်ထားတဲ့မြို့ကြီး
(နံနက်လင်းတော့)သူ့ကိုယ်မှာ
ရွှေရောင်အကြေးခွံတွေနဲ့။

(စာမျက်နှာ-၅၅ မှ)

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - ဗောဓိပူဇာ ညောင်ရေသွန်းမင်္ဂလာ မဟာဝိဟာရ သာသနာ့မော်ကွန်း
စာရေးသူ - ကလောင်စုံ
ထုတ်ဝေသည့်စာပေတိုက် - အမေ့နို့ဖိုး၊ အဖေ့ချွေးဖိုး စာပေ
တန်ဖိုး - ဓမ္မဒါန
စာမျက်နှာ - ၅၉၃ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - နေဝင်းအောင်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဧပြီလ




မဟာဝိဟာရကျောင်းတိုက် (မန္တလေး၊ ပြင်ဦးလွင်)ဥပတ္ထမ္ဘက အဖွဲ့မှ ကြီးမှူးကျင်းပသည့် အမှတ်(၃)အဖြစ် ထွက်ရှိလာသည့် ဘာသာရေးမဂ္ဂဇင်းကြီးဖြစ်သည်။ ၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အမီ ထုတ်ဝေဖြန့်ချိသည်။

မှတ်တမ်းဓာတ်ပုံများနှင့်အတူ ဆရာတော်များ၏ ရုပ်ပုံလွှာ၊ သာသနာ့အာဇာနည် မဟာထေရ်တို့၏ ဩဝါဒဓမ္မကထာများ၊ ရေးသီဖွဲ့ရာ အဖွင့်ကဗျာ၊ ကာတွန်းလက်ရာ၊ မဟာဝိဟာရသမိုင်း၊ အောက်မေ့တသ မဟာဝိဟာရ သာသနာ့မော်ကွန်း၊ ဓမ္မပြတင်းဝမှ မဟာဝိဟာရအလင်းပြမြင်ကွင်းများ၊ ကဗျာရှည်ဖွဲ့ညွှန်လက်ရာမွန်၊ ဗောဓိပူဇာ စာပန်းချီစုံညီ ရပ်ဝန်း၊ ပွဲခါညောင်ရေ သွန်းမြဲပေတည့်၊ ကိုယ်ကျင့်သီလမြတ်ဓမ္မ ဘဝလမ်းညွှန်စာအမွန်၊ ဗောဓိပူဇာ ညောင်ရေသွန်းမင်္ဂလာ၊ သာသနာ့ရေစီးကြောင်း၊ သာသနိကဝိစာန (သာသနာဆိုင်ရာ အဆောက်အအုံများ)၊ ဓလေ့ရိုးရာ ချစ်စရာ၊ သိမှတ်ဖွယ်ရာ သုတပဒေသာ၊ ရသအက်ဆေး၊ ခံစားရွှန်းစိုဝတ္ထုတို့ အစရှိသည့်အကြောင်းအရာစုံ ဖော်ပြပါရှိသည်။

ဓမ္မဒါနကုသိုလ်အဖြစ် အမှတ်တရထုတ်ဝေဖြန့်ချိသည့် စာအုပ်ကြီးဖြစ်ကာ တက္ကသိုလ်တေဇာလင်း၊ မေမြို့ဆွေလင်း၊ သားအောင်မြင့်(ဖားကန့်)၊ သက်နိုင်ထွန်း(နေပြည်တော်)က စုစည်းစီစဉ် ပူဇော်သည်။

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင် ပြသ

**မိုင်းစံ မေ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲက မိုင်းစံမြို့၊ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များပြသရာ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ပေးနိုင်မည့်ကလေးများအား ကလေးအလုပ်သမားမဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုးရွားဆုံးပုံစံဖြင့် ကလေးများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ရေးရာဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ လွဲသုံးစားမှု အကာအကွယ်မဲ့စေသောအလုပ်များ အန္တရာယ်များသော စက်ယန္တရား၊ လေးလံသောဝန်များကို သယ်ပိုးသောလုပ်ငန်းများ ကျန်းမာရေးထိခိုက်စေသောလုပ်ငန်းများ အချိန်ကြာရှည်သောညရေးညတာ၌ လုပ်ရသောအလုပ်များတွင် လုပ်ကိုင်ရသောကလေးများအား ကလေးအလုပ်သမားအဖြစ် သတ်မှတ်ကြောင်းနှင့် နိုင်ငံတော်က ကလေးအလုပ်သမားပပျောက်ရေးအတွက် အဓမ္မခိုင်းစေမှုပပျောက်ရေး ဘောင်အတွက် ... ကောင်းပြီး ကျန်းမာသောလုပ်ငန်းခွင် ပတ်ဝန်းကျင်ဖြစ်ပေါ်ရရှိစေရေး စသည့် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို အသိပညာပေး နံရံကပ်စာစောင်ပြသခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တိုင်းပြည် ရိက္ခာ

* တိုင်းမြန်ပြည်၊ သာယာရေး
အစဉ်တွေး၊ ဆောင်ရွက်ပါ၊
နိုင်ငံမှာ၊ အဓိက
ပြည့်ဝရိက္ခာ။
ပေါကြွယ်ဝ၊ ပြည်မြန်မာ
လယ်ယာသာ၊ အသက်သွေး၊
ဖူလုံအောင်၊ ရွက်ဆောင်ပေးမှ
တိုင်းပြည်ထောင်အေး။

* ယခုခါ၊ မိုးကာလ
ထွန်ရေးပြ၊ လုပ်ငန်းဝင်၊
အမျှန်ရှင်၊ ဝဿန်မိုး
မျှော်ကိုးလို့ပင်။
စိုက်ပျိုးကြ၊ လယ်ကွင်းပြင်
မိုးရွာလျှင်၊ လွန်ပျော်မြူး၊
ရည်စူးကာ၊ ရိက္ခာတွက်
အားတက်ကြည်နူး။

* တိုင်းပြည်မှာ၊ ဆန်စပါး
ပေါများ၍၊ လွန်သာယာ
သူသူငါ၊ ရွှင်ကြည်လန်း၊
ပြုံးပန်းဝေဆာ။
ပြည့်စုံသည့်၊ ပြည့်ရိက္ခာ
ချစ်ကြင်စွာ၊ ဝေမျှစား
မျိုးရိုးဂုဏ်၊ မေတ္တာဓာတ်
ထင်ဟပ်စေသား။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)



○ စာမျက်နှာ ၂၄ မှ

စားဆောင်မိုးကာတဲ တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ နှစ်ထပ် အိပ်စင်ပါ လူနေမိုးကာတဲ ငါးလုံး၊ ပေ ၂၀ ပတ်လည်ရှိ လူနေမိုးကာတဲ ၁၂ လုံး၊ အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ ဆေးစတို တစ်လုံးနှင့် ရေချိုးခန်း၊ အိမ်သာ တစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ မီးစက်မိုးကာတဲ တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ လုပ်ငန်းလုပ်ဆောင်သည့် အဆောင် နှစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၁၀ ရှိ ရေချိုးခန်းအဆောင် တစ်လုံး၊ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ လူနေဆောင် တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိလူနေဆောင် နှစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၂၀ ရှိလူနေဆောင် တစ်လုံး၊ မီးစက် ရှစ်လုံး၊ All in One ကွန်ပျူတာ အလုံး ၄၀၊ Desktop တစ်လုံး၊ CPU တစ်လုံး၊ Laptop ခုနစ်လုံး၊ Starlink ရှစ်လုံး၊ ဆိုလာ အကြီး၊ အသေး ကိုးချပ်၊ ဒိုင်နမို နှစ်လုံး၊ ပန်ကာ ခုနစ်လုံး၊ Power Station 3500 W နှစ်လုံးနှင့် ဝိုင်ဖိုင်စက် ၁၀ လုံးတို့ကိုလည်းကောင်း၊ ထပ်မံ၍ ဆက်လက်ရှင်းလင်းရာ အဆိုပါနေရာတစ်ဝိုက်မှ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ လုပ်ငန်းလုပ်ဆောင်သည့်အဆောင် နှစ်လုံး၊ လူ ၂၀ ဆံ့ လူနေတဲ ၁၅ လုံး၊ ဆိုင်ကယ် နှစ်စီး၊ ရေခဲသေတ္တာ နှစ်လုံး၊ Freezer ငါးလုံးနှင့် မီးစက် သုံးလုံးတို့ကိုလည်းကောင်း ထပ်မံ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါ နေရာတစ်ဝိုက် သံလွင်မြစ်ကမ်း တစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၀ ကီလိုမီတာခန့်အကွာ သံလွင်မြစ် အနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့၊ ၁၉ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့၊ ၂၁ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့နှင့် ၁၇ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့တို့ဖြင့် စုစုပေါင်းတရားမဝင် တရုတ်နိုင်ငံသား ၇၅ ဦးကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီးညနေ ၅နာရီခန့်တွင် အဆိုပါ အနီးတစ်ဝိုက်၌ တရားမဝင်တရုတ်နိုင်ငံသား ၁၅ ဦးကို ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့ရာ စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံသား ၉၀ ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၎င်းတို့အား ဖမ်းဆီးရမိခဲ့သည့် နေရာတစ်ဝိုက်မှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀၊ အနံ ၁၅ ပေရှိ စားဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ခြောက်ပေရှိ လူနေတဲ အလုံး၂၀၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ ဆန်ဂိုဒေါင် တစ်လုံး၊ အလျား ရှစ်ပေ၊ အနံ ငါးပေရှိ လျှပ်စစ်ဂိုဒေါင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ ဆေးဂိုဒေါင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ ဂိတ်ဝင်/ထွက်ဆောင် တစ်လုံး၊ အလျားပေ ၄၀၊ အနံ ၁၅ ပေရှိ ရိက္ခာဂိုဒေါင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ မီးစက်ထားသည့် အဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ အထွေထွေဂိုဒေါင် တစ်လုံး၊ ဆန်အိတ် ၁၀၀၊ မီးစက် ငါးလုံး၊ Freezer သုံးလုံး၊ ဂက်စ်အိုး အလုံး ၂၀၊ ၁၄ ကန့်ပါ ထမင်းပေါင်းအိုး တစ်လုံး၊ ငါးထပ်သားပြား ၈၉ ပြား၊ ဆိုင်ကယ် လေးစီးနှင့် Star Link နှစ်လုံးတို့ ကိုလည်းကောင်း၊ အဆိုပါနေရာမှ ထပ်မံရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ အမျိုးသမီး အိပ်ဆောင် တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ အမျိုးသား အိပ်ဆောင် တစ်လုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ မီးဖိုဆောင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ငါးပေရှိ ခုနစ်လုံးတွဲ အိမ်သာ တစ်လုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ ရေချိုးကန် တစ်လုံး၊ ငါးပေ ပတ်လည်ကင်းတဲ တစ်လုံး၊ အလျား ကိုးပေ၊ အနံ ငါးပေရှိ ရေတိုင်ကီအပါ ရေသန့်စက် တစ်လုံး၊ အလျားပေ ၆၀၊ အနံ ၂၅ ပေရှိ လူနေဆောင် တစ်လုံး၊ အလျားပေ ၅၀၊ အနံ ၂၅ ပေရှိ ပစ္စည်းသိုလှောင်ရုံ တစ်လုံး၊ မီးစက်အကြီးလေးလုံး၊ ရေခဲသေတ္တာအကြီး လေးလုံး၊ ထမင်းပေါင်းအိုး အကြီးတစ်လုံး၊ ပလပ်စတစ်ထိုင်ခုံ အလုံး ၃၀၊ ဒီဇယ်ဆီထည့်သည့်ပုံးအပြာ ၁၀ လုံး၊ ဆီတစ်ဝက်ပါ ဆီပီပါ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ကိုလည်းကောင်း ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သတ်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာ ထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးကို တွေ့ရစဉ်။



တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးကို တွေ့ရစဉ်။









မေ ၁၂ ရက်က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။









မေ ၁၃ ရက်က မက်မန်းမြို့နယ်အတွင်း အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ အား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၂ရက် ညနေ ၄ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၅ ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ လူနေမိုးကာတဲ သုံးလုံးနှင့် စာမျက်နှာ ၁၆ သို့ ❍



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ၁၉ ဦးကို တွေ့ရစဉ်။



## MNL (U20) Youth League 2026 ပြိုင်ပွဲဝင်အသင်းမှ ကစားသမားများ အသက်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ခဲ့

ရန်ကုန် မေ ၁၃

MNL (U20) Youth League 2026 ပြိုင်ပွဲဝင်အသင်းမှ ကစားသမားများ အသက်မှန်ကန်မှုရှိစေရန် ယမန်နေ့က အသက်စစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သည်။

ကစားသမားများ အသက်စစ်ဆေးမှုကို သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး ယနေ့တွင် ဧရာဝတီယူနိုက်တက် ယူ-၂၀၊ ရှမ်းယူနိုက်တက် ယူ-၂၀၊ ရတနာပုံ ယူ-၂၀၊ သစ္စာအားမာန် ယူ-၂၀နှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းများအား အသက်စစ်ဆေးခဲ့သည်။

ယင်းသို့ အသက်စစ်ဆေးရာတွင် အသက်စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘန်နီတင်အောင် ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသက်စစ်ဆေးရေးအဖွဲ့ဝင်အဖြစ် ပါဝင်ကြသည့် ကလပ်အသင်းတာဝန်ရှိသူများက ကစားသမားများ၏ စမတ်ကတ်၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ သန်းခေါင်စာရင်းမူရင်းနှင့် မိတ္တူ၊ မွေးစာရင်းမူရင်း၊ ကျောင်းထောက်ခံစာမူရင်း စသည့် အချက်အလက်များ၊ Eye Scans ပြုလုပ်ခြင်းများကို စနစ်တကျ စစ်ဆေးခြင်းဖြစ်သည်။ (NGB)

### ယနေ့ မိုးလေဝသ (၁၄-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

## Futsal Youth Development Program (Mandalay) အတွက် သင်တန်းသားများ ရွေးချယ်မည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်မည့် Futsal Youth Development Program(Mandalay) အတွက် လူငယ်ကစားသမားများ ရွေးချယ်ခြင်းကို လာမည့် မေ ၁၆ နှင့် ၁၇ ရက်နေ့များတွင် မန္တလေးမြို့ အားကစားသိပ္ပံ ဖူဆယ်အားကစားရုံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ရွေးချယ်ခံရသော လူငယ်ကစားသမားများအတွက် ဝတ်စုံ စီစဉ်ပေးခြင်း အာဟာရကျွေးမွေးခြင်း AFC Futsal လိုင်စင်ရနည်းပြဆရာများမှ သင်ကြားပေးခြင်းများကို စီစဉ်ပေးမည်ဖြစ်သည်။

ရွေးချယ်ခံမည့် လူငယ်ကစားများသည် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး လာရောက် ရွေးချယ်ခံသည့်နေ့တွင် အားကစားဝတ်စုံ အပြည့်အစုံဖြင့် လာရောက် ရွေးချယ်ခံရမည်ဖြစ်ပြီး မှတ်ပုံတင်(ရှိလျှင်)၊ ကျောင်းသားကတ်နှင့် အိမ်ထောင်စုဇယားမူရင်းတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

ရွေးချယ်ခံရသော လူငယ်ကစားသမားများကို အပတ်စဉ် စနေ၊ တနင်္ဂနွေ(သို့) ကျောင်းပိတ်ရက်များတွင် တစ်ပတ်လျှင် ၂ ရက် သင်ကြားပေးမည်ဖြစ်သည်။

လာမည့် မေ ၁၆ ရက် စနေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း အမျိုးသားလူငယ်ကစားသမားများကို စိစစ်ရွေးချယ်မည်ဖြစ်ပြီး မေ ၁၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း အမျိုးသမီးလူငယ်ကစားသမားများကို စိစစ်ရွေးချယ်မည်ဖြစ်ကာ တစ်သင်းလျှင်(၂၀)ဦးရွေးချယ်မည်ဖြစ်သည်။ (NGB)

